
# လင်းလက်တဲ့
# ချစ်မီးအိမ်

မိုင်းမိုင်းစနေ


SAMPLE BOOK



mgyoe.com SAMPLE BOOK

တကယ်တော့
အချစ်ဆိုတာ
ကိုယ်ချစ်တဲ့သူ့အတွက်
အမှောင်ထဲမှာ
လင်းလက်တောက်ပတဲ့
မီးအိမ်ငယ်လေးတစ်လုံး

လင်းလက်တဲ့
ချစ်မီးအိမ်
နိုင်းနိုင်းစနေ



လင်းလက်တဲ့ချစ်မီးအိမ်
9 782025 001491

Illustration By Aung Lin Tun


mgyoe.com

mgyoe.com
SAMPLE BOOK

စာရိပ်မြိုင်အမှတ်စဉ် (၁၄၉)

ပုံနှိပ်မှတ်တမ်း

စာမူ မူပိုင် - စာရိပ်မြိုင်



# နိုင်းနိုင်းစနေ

## လင်းလက်တဲ့ ချစ်မီးအိမ်

| | |
|---|---|
| ထုတ်ဝေသည့်အကြိမ် | ♦ ပထမအကြိမ်၊ ၂၀၂၅ ခုနှစ်၊ ဇွန်လ |
| မျက်နှာဖုံးဒီဇိုင်း | ♦ အောင်လင်းထွန်း |
| အတွင်းဒီဇိုင်း | ♦ နိုင်ဇင်ထွန်း |
| ထုတ်ဝေသည့်အုပ်ရေ | ♦ ၁၀၀၀ |
| စာအုပ်တန်ဖိုး | ♦ ၉၀၀၀ ကျပ် |
| ထုတ်ဝေသူ | ♦ ဦးပြည့်အာကာ(၀၃၀၉၄-စာရိပ်မြိုင်စာပေ) အမှတ် ၃၀၈၊ သဘောကျောင်း ၂ လမ်း။ သဘောကျောင်းရပ်ကွက်၊ ဒေါပုံမြို့နယ်။ |
| ပုံနှိပ်သူ | ♦ ဒေါ်မျိုးမျိုးသန့်(မျိုးမျိုး ပုံနှိပ်လုပ်ငန်း) (၀၁၅၃၃) အမှတ် ၁၁၊ ၅၆ လမ်း။ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| ဖြန့်ချိရေး | ♦ စာရိပ်မြိုင်စာပေ၊ အမှတ် (၂၅၃/၂၅၅)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်းမကြီး၊ ဗိုလ်ချုပ်လမ်းနဲ့ အနော်ရထာကြား၊ ကျောက်တံတားမြို့နယ်။ ဖုန်း ၀၉ ၇၆၂၂၂၆၀၂၀ |

နိုင်းနိုင်းစနေ
လင်းလက်တဲ့ ချစ်မီးအိမ် / နိုင်းနိုင်းစနေ။ ရန်ကုန်။
စာရိပ်မြိုင်စာပေ။ ၂၀၂၄။
စာမျက်နှာ - ၁၆၈၊ ၁၃. ၉၇ စင်တီ × ၂၀. ၃၂ စင်တီ
(၁၄၉) လင်းလက်တဲ့ ချစ်မီးအိမ်

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁။ | ငါ့ကို ဘယ်အချိန်ထိ ချစ်မှာလဲ | ၅ |
| ၂။ | အိမ်ထောင်ရေးတိုးကိန်း သီအိုရီ | ၇ |
| ၃။ | စိတ်ကူးချစ်သူ | ၁၀ |
| ၄။ | အချစ်... ဘဝ | ၁၃ |
| ၅။ | အချစ် သုည ဒသမ တစ်မီလီမီတာ | ၁၆ |
| ၆။ | လူတိုင်း အချစ်ခံထိုက်သည် | ၂၀ |
| ၇။ | အချစ်တန်ဖိုး | ၂၄ |
| ၈။ | အချစ်စစ်ရဲ့ ရုပ်ပုံလွှာ | ၂၇ |
| ၉။ | လင်းလက်တဲ့ ချစ်မီးအိမ် | ၃၀ |
| ၁၀။ | ငှက်နဲ့ ငါးတို့ရဲ့ အချစ် | ၃၃ |
| ၁၁။ | လွင့်ပါးသွားတဲ့ အချစ် | ၃၅ |
| ၁၂။ | ခံစားမှုဘဏ်ထဲ ဘာတွေစုဆောင်းမလဲ | ၃၉ |
| ၁၃။ | မတူ ထူးတဲ့ချစ်နည်း | ၄၂ |
| ၁၄။ | ချစ်ခြင်းရဲ့ ပေါင်းသင်းခြင်းဒသနာ | ၄၇ |
| ၁၅။ | မေတ္တာစာထဲက ပလေတို | ၅၀ |


mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


| | | |
|---|---|---|
| ၁၆။ | ချစ်ခြင်းရဲ့ မှန်ဘောင် | ၅၃ |
| ၁၇။ | ၁ ဒီဂရီ နွေးထွေးမှုထဲက ၁၀၀ ဒီဂရီ အချစ် | ၅၇ |
| ၁၈။ | တစ်နေ့ တစ်မိနစ် ပွေ့ဖက်ပါ | ၆၀ |
| ၁၉။ | အချစ်ဆုံးကို နားလည်ပါ | ၆၃ |
| ၂၀။ | အသင့်တော်ဆုံး ချစ်သူ | ၆၆ |
| ၂၁။ | ကော်ဖီနဲ့တူတဲ့ အချစ် | ၆၉ |
| ၂၂။ | ခင်ပွန်းရဲ့ ချစ်သူ | ၇၁ |
| ၂၃။ | လင်းလက်နေတဲ့ စက္ကူကြယ် | ၈၂ |
| ၂၄။ | ကိုယ်ချစ်တဲ့သူကို အကြာကြီး စိတ်မကောက်လေနဲ့ | ၉၀ |
| ၂၅။ | ချယ်ရီသစ္စာ | ၁၀၁ |
| ၂၆။ | ကံကောင်းခြင်း လက်ဆောင် | ၁၀၈ |
| ၂၇။ | အရှက်တရားကို အောင်နိုင်ခဲ့တဲ့မေတ္တာ | ၁၃၄ |
| ၂၈။ | အိပ်မက်ထဲက ဝိညာဉ်ချစ်သူ | ၁၄၆ |
| ၂၉။ | လမ်းခွဲပြီး ၁၀ နှစ် | ၁၅၉ |
| ၃၀။ | တကယ့်အချစ်စစ်က လူကို မရှုးသွပ်စေပါ | ၁၆၃ |


mgyoe.com

mgyoe.com SAMPLE BOOK

# ငါ့ကို ဘယ်အချိန်ထိ ချစ်မှာလဲ

ညနေခင်းတစ်ခုမှာ လှပတဲ့ ဆည်းဆာနေရောင်က လောကတစ်ခွင်ကို ဖြန့်ကျက်ထားတယ်။ ရှည်လျားတဲ့လမ်းမထက်က စက်ဘီးတစ်စီးပေါ်မှာ ကောင်လေးက ကောင်မလေးကို တင်နင်းထားတယ်။

"ငါ့ကို ဘယ်အချိန်ထိ ချစ်မှာလဲ"

ကောင်လေးခါးကို ပွေ့ဖက်ထားတဲ့ ကောင်မလေးက ကောင်လေးကျောကို မှီပြီး ခပ်တိုးတိုးလေး မေးတယ်။ ကောင်လေးရဲ့အဖြေက ကောင်မလေး စိတ်ကျေနပ်လောက်တဲ့ အမှတ်ပြည့်အဖြေ မဟုတ်မှန်း ကောင်မလေး သိနေတယ်။

"ချစ်စရာစကားလေးတွေနဲ့ ဖြေဖို့ အခွင့်အရေးပေးမယ်" ကောင်မလေးက ချွဲနွဲ့ပြောတော့ ကောင်လေးက စိတ်ပါလက်ပါ စဉ်းစားတယ်။

မီးနီနေတုန်း ကောင်လေးက ကောင်မလေးကို လက်'တစ်'ချောင်း ထောင်ပြပြီး အဖြေပေးလိုက်တယ်။ ကောင်မလေးက ဝမ်းသာအားရ 'တစ်သက်လုံးလား' လို့ ပြောတယ်။

ကောင်လေး ရယ်လိုက်တယ်။ ကောင်မလေးရဲ့ အပြော မှန်သွားလို့မဟုတ်ဘူး။ ကောင်မလေးဆီက အပျော်တွေ ကူးစက်သွားလို့ဖြစ်တယ်။ မီးစိမ်းတော့ ကောင်လေးက စက်ဘီးဆက်နင်းပြီး ကောင်မလေးကို တိုးတိုးလေး ပြောတယ်။

"နင့်ကို 'တစ်သက်လုံး'ဆိုတဲ့ အဖြေမျိုး ငါပေးမှာ မဟုတ်ဘူး။ ဒီလိုအဖြေက လူတိုင်း ဖြေတတ်တဲ့အတွက် မစစ်မှန်သလိုပဲ... ပြန်စဉ်းစားကြည့်ပါဦး"

mgyoe.com

mgyoe.com SAMPLE BOOK

ကောင်လေးစကားကို ကောင်မလေးက ခေါင်းညိတ်ထောက်ခံရင်း "ဒီလို ဆိုရင် တစ်ရက်လား"

"ဟား... ဟား ငါတို့ချစ်တာတောင် နှစ်လကျော်နေပြီ။ တစ်ရက်၊ တစ်ပတ်၊ တစ်လဆိုတဲ့ အဖြေမျိုးက မဖြစ်နိုင်ဘူးလေ"

ကောင်လေးအပြောမှာ ကောင်မလေး ရောယောင်ရယ်ရင်း " တခဏတော့ မဟုတ်ရပါဘူးနော်" လို့ အသံကျယ်နဲ့ မေးတယ်။

ကောင်မလေးအပြောကြောင့် စက်ဘီးလဲမတတ် ကောင်လေး အော်ရယ်လိုက်တယ်။ ကောင်မလေးရဲ့ ဒီလို ရွှတ်နောက်နောက်အပြောနဲ့ ကြည်လင်တဲ့ရယ်သံတွေကို ကောင်လေး အရမ်းချစ်တယ်။ ကောင်မလေးရဲ့ လက်ကို ကောင်လေး တင်းတင်းလေး ဆုပ်ကိုင်ထားလိုက်တယ်။

"ဒီလိုဆိုရင် တစ်နှစ်လား"

ကောင်လေး ခေါင်းခါပြတယ်။

"ဒီလိုဆိုရင် နှစ်တစ်ရာကွာ... ငါ့ကို နှစ်တစ်ရာချစ်ရင် ရပြီ"

ကောင်မလေးက စိတ်မရှည်ဘဲ ပြောနေပေမယ့် မျက်နှာပေါ်မှာ အပျော်ရိပ်တွေ သန်းနေတယ်။

"နှစ်တစ်ရာ... မတိုလွန်းဘူးလားကွာ... နှစ်တစ်ရာနဲ့ ငါ နင့်ကိုချစ်လို့ မဝနိုင်ဘူး"

ကောင်လေးရဲ့ စကားလက်နက်က ကောင်မလေးရဲ့နှလုံးသားထဲ စူးစူးနစ်နစ် ထိုးစိုက်သွားတယ်။ ကောင်မလေးရဲ့ တိုးညှင်းညှင်းရယ်သံက ကောင်လေးကို မီးနီဖြတ်မောင်းရဲတဲ့ အင်အားတွေ ပေးလိုက်တယ်။

"အဖြေကို သိချင်ပြီလား" ကောင်လေး ဖြေချင်နေပြီ။

"ငါ့ကို ဘယ်အချိန်ထိ ချစ်မှာလဲ" ကောင်မလေးလည်း အဖြေကိုကြားချင်နေပြီ၊

ကောင်လေးက လက်တစ်ချောင်းထောင်ပြရင်း "နင် ငါ့ကိုမချစ်တော့တဲ့ တစ်နေ့အထိ ငါ ချစ်နေမယ်"

ကောင်လေးစကားကြောင့် ကောင်မလေး ငိုင်သွားတယ်။

**နင် ငါ့ကိုမချစ်တော့တဲ့ တစ်နေ့အထိ ငါ ချစ်နေမယ်။**

အဲဒီတစ်နေ့က ဘယ်လောက်ကြာနိုင်မလဲ။ တိုနိုင်သလို၊ ရှည်နိုင်တယ်။ ထာဝရ၊ တခဏလည်း ဖြစ်နိုင်ပေမယ့် တိကျတဲ့အဖြေ ဖြစ်ခဲ့ပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အိမ်ထောင်ရေးတိုးကိန်း သီအိုရီ

သင်တန်းကျောင်းတစ်ခုရဲ့ နောက်ဆုံးသင်တန်းချိန်က "အိမ်ထောင်ရေး၏ လုပ်ဆောင်မှုနှင့် တီထွင်မှု" အကြောင်းဖြစ်တယ်။ ဟောပြောမယ့်ဆရာက အတန်းထဲဝင်လာပြီး အသင့်ယူလာတဲ့ ကားချပ်တစ်ချပ်ကို ကျောက်သင်ပုန်းပေါ် ချိတ်ဆွဲလိုက်တယ်။ ကားချပ်ပေါ်မှာက "အောင်မြင်တဲ့ အိမ်ထောင်ရေး အချက်နှစ်ချက်" ဆိုပြီး ...

(၁) လူကောင်းတစ်ယောက်ကို ရှာပါ။

(၂) ကိုယ်ကိုယ်တိုင် လူကောင်းဖြစ်အောင်လုပ်ပါ... လို့ ရေးထားတယ်။

ဆရာက "အောင်မြင်တဲ့ အိမ်ထောင်ရေးက ဒီလောက် လွယ်ကူပါတယ်။ တခြားအောင်မြင်တဲ့ လျှို့ဝှက်ချက်တွေကိုလည်း သက်ကြီးရွယ်အိုတွေဆီက အမြဲကြားဖူးကြလိမ့်မယ် ထင်ပါတယ်" လို့ စကားစလိုက်တာနဲ့ သင်တန်းသားတွေဆီက တွတ်ထိုးသံတချို့ ထွက်လာတယ်။ သင်တန်းသားအများစုက အိမ်ထောင်ရှိသူတွေ ဖြစ်ကြတယ်။

တအောင့်ကြာတော့ အသက် ၃၀ အရွယ် အမျိုးသမီးတစ်ယောက် ထရပ်ပြီး "တကယ်လို့ ဒီအချက် နှစ်ချက်စလုံးကို မလုပ်နိုင်ခဲ့ဘူး ဆိုရင်ရော" လို့ ဆရာ့ကို မေးတယ်။

ဆရာက "ဒီအချက်နှစ်ချက်ကို မလုပ်နိုင်ခဲ့ရင် အချက်လေးချက် ဖြစ်သွား

mgyoe.com

mgyoe.com  SAMPLE BOOK 

လိမ့်မယ်" လို့ ပြောပြီး နောက်ကားချပ်တစ်ခုကို ချိတ်ဆွဲလိုက်တယ်။

(၁) သည်းခံပါ၊ ကူညီပါ။ ကူညီတာ အလိုမကျရင် သည်းခံပါ။

(၂) သည်းခံတာကို အကျင့်ဖြစ်အောင် လုပ်ပါ။

(၃) တုံးတုံးအအ စရိုက်လေးပါအောင် ကျင့်ပါ။

(၄) တုံးတုံးအအ စရိုက်ကို တစ်သက်လုံး ကျင့်သွားပါ။

အချက် လေးချက်ကို ဆရာ ရွတ်မပြီးခင် သင်တန်းသားတွေ လှုပ်လှုပ်ရွရွ ဖြစ်လာကြတယ်။ ဒါမဖြစ်နိုင်ဘူး၊ ဒီလိုလုပ်နိုင်မှာ မဟုတ်ဘူးဆိုတဲ့ တီးတိုးသံတချို့ လွင့်လာတယ်။ အားလုံး ငြိမ်သက်သွားချိန်ရောက်မှ ဆရာက "တည်ငြိမ်တဲ့ အိမ်ထောင်ရေးတစ်ခု ရှိချင်တယ်။ ဒီလေးချက်ကိုလည်း မလုပ်နိုင်ဘူးဆိုရင် အောက်က အချက် (၁၆) ချက်ကို လုပ်နိုင်ရမယ်" လို့ ပြောလိုက်တယ်။

ဆရာက နောက်ကားချပ်တစ်ချပ်ကို ချိတ်ဆွဲလိုက်ပြန်တယ်။

(၁) စိတ်တို၊ ဒေါသထွက်ရင် မတူတဲ့အချိန်မှာ ထွက်ကြပါ။

(၂) ရေကြီးခွင်ကျယ် မဟုတ်ခဲ့ရင် စကားပြောတဲ့အချိန် အော်မပြောပါနဲ့။

(၃) ရန်ဖြစ် အငြင်းပွားတဲ့အခါ တစ်ဖက်လူကို အနိုင်ပေးလိုက်ပါ။

(၄) ဒီနေ့ငြင်းခုံတာကို မနက်ဖြန်အထိ သယ်မသွားပါနဲ့။

(၅) ငြင်းခုံရန်ဖြစ်ပြီး အမေအိမ်ပြန်တာပဲဖြစ်ဖြစ်၊ အပြင်ထွက်သွားတာပဲ ဖြစ်ဖြစ် အချိန် ၈ နာရီထက် မကျော်ပါစေနဲ့။

(၆) ဝေဖန်တဲ့ စကားမှာ မေတ္တာပါပါစေ။

(၇) ကိုယ့်အမှားကို တောင်းပန်တတ်ဖို့ အမြဲ အသင့်ပြင်ထားပါ။

(၈) ကိုယ့်အကြောင်း သားပုပ်လေလွင့်ကြားတဲ့အခါ ဟာသလို သဘော ထားပြီး ရယ်ပစ်ပါ။

(၉) တစ်လကို တစ်ညလောက် သူ့ (သူမ) ကို လွတ်လပ်ချိန်ပေးပါ။

(၁၀) ဒေါသစိတ်နဲ့ အိပ်ရာမဝင်ပါနဲ့။

(၁၁) သူ (သူမ) အိမ်ပြန်ချိန် အိမ်မှာ ကိုယ်ရှိနိုင်ဖို့ ကြိုးစားပါ။

(၁၂) တစ်ဖက်သားက မနှောင့်ယှက်စေချင်ရင် မနှောင့်ယှက်မိအောင် ကြိုးစားပါ။

(၁၃) အိမ်ဖုန်းမြည်တဲ့အခါ တစ်ဖက်သားကို အရင်ကိုင်ပါစေ။

(၁၄) အိတ်ကပ်ထဲ ငွေဘယ်လောက်ရှိတယ်ဆိုတာကို အမြဲ စာရင်းပေးပါ။

(၁၅) ငွေမရှိတဲ့နေ့ရက်ကို ဖျက်ဆီးနိုင်အောင် ကြိုးစားပါ။

mgyoe.com

mgyoe.com SAMPLE BOOK

(၁၆) ကိုယ့်မိဘကိုပေးတဲ့ငွေက တစ်ဖက်မိဘကို ပေးတဲ့ငွေထက် နည်းပါစေ။

၁၆ ချက်ကို ဆရာရွတ်လိုက်တဲ့နောက် သင်တန်းသားတချို့က ရယ်ကြတယ်။ တချို့က သက်ပြင်းချကြတယ်။ ဆရာကဆက်ပြီး "တကယ်လို့ ဒီ ၁၆ ချက်ကို မလုပ်နိုင်သေးဘူးဆိုရင် အောက်က အချက် ၂၅၆ ချက်ကို လုပ်ရလိမ့်မယ်။ လူနှစ်ယောက်ပေါင်းသင်းတဲ့သီအိုရီက တိုးကိန်းသီအိုရီဖြစ်တယ်။ ရှေ့က အခြေခံအချက်တွေပေါ်မှာ နှစ်ထပ်တိုးသွားတာဖြစ်တယ်"

အဲဒီနောက် ဆရာက အချက် ၂၅၆ ချက်ကို ရေးလိုက်တယ်။

"ဒီအခြေအနေကို ရောက်သွားတဲ့ အိမ်ထောင်ရေးက အန္တရာယ်နဲ့ အရမ်းနီးနေပါပြီ"လို့ ပြောပြီး သင်ခန်းစာကို အဆုံးသတ်လိုက်ချိန်မှာ တစ်ခန်းလုံး လက်ခုပ်သံတွေ ဟိန်းသွားတယ်။ ဟောပြောပွဲပြီးကြောင်း ကြေညာပေမယ့် သင်တန်းသားတချို့ မလှုပ်မယှက် ထိုင်နေသေးပြီး သူတို့မျက်နှာပေါ်မှာ မျက်ရည်တွေ စီးကျနေပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# စိတ်ကူးချစ်သူ

ကျွန်မမှာ အရပ် ၆ ပေကျော်မြင့်တဲ့ ချစ်သူတစ်ယောက်ရှိတယ်။ ရုပ်ရည်က ကျွန်မကြိုက်တဲ့ ဂျပန်မင်းသား Kimura Takuya နဲ့ တစ်ပုံစံတည်း။ ဂျင်းဘောင်းဘီ ကြိုက်သူ၊ ကော်ဖီကြိုက်သူ ဘယ်လိုကြည့်ကြည့် မိုက်နေတာပဲ။ ကျွန်မတို့က ကိုယ့်လွတ်လပ်မှုနဲ့ကိုယ် နေပြီး တစ်ပတ်မှာ တစ်ခါ၊ နှစ်ခါပဲ တွေ့ကြတယ်။ ကျွန်မတို့ နှစ်ယောက်စလုံး ရည်မှန်းချက်ကိုယ်စီနဲ့ အလုပ်ကြိုးစားကြတယ်။ 'As Good as It Gets' ရုပ်ရှင်ထဲက မင်းသား Jack Nicholson က မင်းသမီး Helen Hunt ကို ချီးကျူးသလိုပေါ့။ "မင်းကြောင့် ငါလူကောင်းတစ်ယောက် ပိုဖြစ်ချင်ခဲ့တယ်" ဆိုတဲ့အတိုင်း ကျွန်မတို့က တစ်ဦးအပေါ် တစ်ဦး နားလည်ခဲ့ကြတယ်။ လူကောင်းတွေ ပိုဖြစ်ချင်ခဲ့ကြတယ်။

ဖုန်းထဲက ကျွန်မရဲ့ "ဟလို..." ဆိုတဲ့ လေသံကို ကြားရုံနဲ့ ကျွန်မ စိတ်ညစ်နေမှန်း သူ သိတယ်။ နားလည်ပေးမှုက ဘာလဲဆိုတာကို ကျွန်မ စသဘောပေါက်လာတယ်။

တွေ့ဆုံတိုင်း ကျွန်မခေါင်းကို ပွတ်သပ်ပြီး "ဟန်နီ... ဒီတစ်ပတ်လိမ္မာရဲ့လား" ဆိုတဲ့ သူ့အမေးကြောင်း အချစ်ခံရတာက ဘာလဲဆိုတာကို ကျွန်မ စသဘောပေါက်လာတယ်။

နှာချေတိုင်း ပါးစပ်မပိတ်တတ်တဲ့ ကျွန်မကို "ကိုယ်တို့က အသွင်တူတဲ့

mgyoe.com

လင်မယားအတိုင်းပဲ ပုံစံတူတယ်" လို့ ရယ်မောပြောတတ်တဲ့ သူ့ကြောင့် လွတ်လပ်မှုက ဘာလဲဆိုတာကို ကျွန်မ စသဘောပေါက်လာတယ်။

"ကိုယ်လုပ်လိုက်မယ်" ဆိုတဲ့ သူ့ဦးဆောင်ချင်မှုကြောင့် ဘယ်လိုဆုံးဖြတ်ချက်ချရင် ကောင်းမလဲဆိုတဲ့ ဦးနှောက်စားတဲ့ကိစ္စတွေကို ကျွန်မ တွေးတောစရာမလိုတော့ဘူး။

"ဆောရီးနော်" ဆိုပြီး သူ့အပြစ်တွေအတွက် ပွေ့ဖက်လာတတ်တဲ့ သူ့ကြောင့် ကျွန်မ ဆိုးချင်တိုင်း ဆိုးခွင့်ရခဲ့တယ်။

ညအိပ်ရာမဝင်ခင် ဖုန်းဆက်ပြီး နှစ်နှစ်ခြိုက်ခြိုက်အိပ်ဖို့ နှုတ်ဆက်တတ်တဲ့သူ့ကြောင့် ညအမှောင် ရောက်လာမှာကို ကျွန်မ မကြောက်တော့ဘူး။

"မကြောက်နဲ့... ဟန်နီ့အနားမှာ ကိုယ်အမြဲရှိတယ်" ဆိုတဲ့ သူ့အားပေးစကားကြောင့် ဘဝကို ရင်ဆိုင်ဖို့ ကျွန်မ ယုံကြည်မှုတွေ ပိုခဲ့တယ်။

ပြီးတော့ ကျွန်မနဲ့အတူ ရှော့ပင်းထွက်တိုင်း မောတယ်၊ ပန်းတယ်လို့ဘယ်တော့မှ သူ မညည်းဘူး။ အင်္ကျီတွေယူပြီး ဘယ်တစ်ထည်လှလဲလို့ မေးတိုင်း ကျွန်မကို သေချာကြည့်ပြီး "ဟန်နီ ဘာဝတ်ဝတ် လှတယ်" တဲ့လေ။

ဆူညံနေတဲ့ ကော်ဖီဆိုင်မှာ ကျွန်မနဲ့ အတူထိုင်ပြီး အိုင်စတိုင်းအကြောင်း သူ ပြောတတ်သလို စည်းကမ်းကြီးတဲ့ ကျွန်မ မေမေကို သူ့စိတ်ထဲက ကြောက်နေပေမဲ့ မေမေနဲ့အတူ သူ စကားတွေပြောတတ်တယ်။

ကျွန်မဘေးမှာ သူ မရှိတဲ့အချိန် ကျွန်မကိုယ်ကျွန်မ ရပ်တည်နိုင်တယ်ဆိုတာ သူ သိတယ်။ ၂၄ နာရီရဲ့ စက္ကန့်တိုင်းမှာ သူ့ကို ကျွန်မ လွမ်းနေတယ်ဆိုတာ သူ သိတယ်။ ကျွန်မအချစ်ကို သူ တန်ဖိုးထားသလို ကျွန်မ အားနည်းချက်တွေကို သူ ချစ်သတဲ့။ သူ့အကြင်နာ၊ အယုယတွေက ကျွန်မအတွက်ပဲလေ...။

အော်... ပြောဖို့ မေ့နေလိုက်တာ ကျွန်မချစ်သူနာမည်က 'စိတ်ကူး' တဲ့။

❑

ဒီစာကိုဖတ်နေရင်း စာထဲက ကောင်မလေးကို အားကျမိတယ်။ စာကိုပြုံးရင်း ဖတ်မိသလို ဖတ်နေရင်းလည်း ကြည်နူးမိတယ်။ ဒါပေမဲ့ အောက်ဆုံးစာကြောင်းကိုလည်း ဖတ်မိရော... "အင်း... ဒီလိုပဲဖြစ်ရမယ်၊ ဒါမှမဟုတ် ...ဟင်း... အဲဒီလိုကြီးလား"လို့ ခံစားမိပြီး ဖတ်လေသမျှ သဲထဲရေသွန်မိသလို ဖြစ်သွားသလား။ ဒီစာကို မိန်းကလေးဘက်က မဟုတ်ဘဲ ယောကျ်ားလေးဘက်ကနေ ခံစားရေးဖွဲ့ပြီး အဆုံးသတ် တူရင်လည်း "အင်း... ဒီလိုပဲ ဖြစ်ရမယ်"လို့ တွေးမိကြမလား။

mgyoe.com

mgyoe.com
SAMPLE BOOK


လူတိုင်းရဲ့စိတ်ကူးထဲက ချစ်သူက ခြောက်ပစ်ကင်းတွေပါ။ ကိုယ့်အပေါ် နားလည်စာနာပေးသူ၊ သနားကြင်နာတတ်သူ၊ မလိမ်မညာ ကိုယ်ချင်းစာတတ်တဲ့ ချစ်သူကို အပြင်မှာလည်း လူတိုင်း ပိုင်ဆိုင်ချင်ကြပါတယ်။ ဒီလိုချစ်သူကိုရဖို့ ကိုယ့်ဘက်ကစပြီး နားလည်ပေးတတ်ဖို့၊ စာနာပေးတတ်ဖို့ လိုအပ်ပါတယ်။ ချစ်သူတွေကြားမှာ တချို့ကိစ္စက နှစ်ဦးနှစ်ဖက် နားလည်၊ ခွင့်လွှတ်မှ ပြီးပြည့်စုံသွားတတ်ပါတယ်။ ဒါမှ စိတ်ကူးထဲက ချစ်သူနဲ့ အပြင်ကချစ်သူ တစ်ထပ်တည်းတူနိုင်မှာ ဖြစ်တယ်။

"မင်းကြောင့် ငါ လူကောင်းတစ်ယောက် ပိုဖြစ်ချင်ခဲ့တယ်" တဲ့။

"မင်းကြောင့် ငါ သူ့ကို လိမ်လိုက်တယ်" ဆိုတာမျိုး ဘယ်သူ့မှ မကြုံပါစေနဲ့ လို့...။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# အချစ်... ဘဝ

တစ်နေ့မှာ 'ပလေတို'က ဆရာဖြစ်သူ 'ဆိုကရေးတီး' ကို အချစ်ဆိုတာ ဘာလဲလို့ မေးတယ်။ ဆိုကရေးတီးက ပလေတိုကို ဂျုံခင်းထဲ နောက်ပြန်မလှည့်တမ်း တစ်ခေါက်သွားစေပြီး သွားရာ လမ်းတစ်လျှောက်မှာ အကောင်းဆုံး၊ အကြီးဆုံး ဂျုံနှံတစ်ခုကို ခူးစေခဲ့တယ်။

ဆရာခိုင်းတာ အရမ်းလွယ်တယ်ထင်တဲ့ ပလေတိုက မိမိကိုယ်ကိုယုံကြည်မှု အပြည့်နဲ့ ဂျုံခင်းထဲ ဝင်သွားတယ်။ နေ့တစ်ဝက်ကုန်တဲ့အထိ သူဟာ ဂျုံခင်းထဲမှာပဲ ရှိနေခဲ့ပြီး နောက်ဆုံးမှာ လက်ဗလာနဲ့ ခေါင်းငိုက်စိုက် ပြန်လာခဲ့ရတယ်။ ဆိုကရေးတီးရှေ့ ရောက်တော့ "အကောင်းဆုံးလို့ထင်တဲ့ ဂျုံနှံကို ကျွန်တော် တွေ့ခဲ့ပါတယ်။ ဒါပေမဲ့ တစ်နှံပဲခူးရမယ်ဆိုတော့ အကောင်းဆုံးမှ ဟုတ်ပါ့မလားလို့ ထင်ပြီး မခူးဘဲ ဒီထက်ကောင်းတဲ့အနှံ ရှိဦးမယ်ဆိုတဲ့အတွေးနဲ့ ယာခင်းအဆုံးထိ ကျွန်တော်ရောက်သွားမှ လက်ထဲဘာမှမပါခဲ့မှန်း သတိထားမိတော့တယ်" လို့ ပြောတော့ ဆိုကရေးတီးက "အဲတာ အချစ်ပဲ" လို့ ပြောလိုက်တယ်။

တစ်နေ့မှာ ပလေတိုက ဆရာ ဆိုကရေးတီးကို လက်ထပ်ခြင်းဆိုတာ ဘာလဲလို့မေးပြန်တယ်။ ဆိုကရေးတီးက ပလေတိုကို ထင်းရှူးတောထဲ နောက်ပြန်မလှည့်တမ်း တစ်ခေါက်သွားစေပြီး သွားရာလမ်းတစ်လျှောက်မှာ ခရစ်စမတ်အတွက် အသုံးပြုဖို့ အကောင်းဆုံး ထင်းရှူးပင်တစ်ပင်ကို ယူစေခဲ့တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

သင်ခန်းစာတစ်ခါ ရခဲ့ဖူးတဲ့ ပလေတိုက ဒီတစ်ကြိမ်မှာ အမှားအယွင်း မရှိအောင် ယုံကြည်မှုအပြည့်နဲ့ ထင်းရှူးတောထဲ ဝင်ခဲ့တယ်။ နေဝက်ရောက်တော့ အရွက်ကျိုးတိုကျဲတဲ့၊ ပင်စည်ဖြောင့်တယ်လို့ ပြောနိုင်တဲ့ ထင်းရှူးပင်တစ်ပင်ကို နွမ်းနယ်တဲ့ခန္ဓာကိုယ်နဲ့ ထမ်းပြီး သူပြန်လာတယ်။

"ဒါက အကောင်းဆုံး ထင်းရှူးပင်လား"လို့ ဆိုကရေးတီး မေးတော့ "တစ်ပင်ပဲ ယူရမယ်ဆိုလို့ အကောင်းဆုံးကို တွေ့လိုတွေ့ငြား လိုက်ရှာရင်း မဆိုးဘူး လို့ထင်တဲ့ အပင်ကိုတွေ့တော့ ကျွန်တော့်မှာ အချိန်ရော၊ အင်အားပါ ကုန်ခမ်းနေ တာကို သတိပြုလိုက်မိတယ်။ ဒါကြောင့် အကောင်းဆုံးလား ဘာလားဆိုတာ ဂရု မစိုက်တော့ဘဲ ယူပြန်လာခဲ့တာပါ" လို့ ပြန်တော့ ဆိုကရေးတီးက "အဲတာ လက် ထပ်ခြင်းပဲ" လို့ ပြောလိုက်တယ်။

တစ်နေ့မှာ ပလေတိုက ဆရာဆိုကရေးတီးကို **တိတ်တိတ်ပုန်းဆိုတာ ဘာလဲလို့ မေးပြန်တယ်။** ဒီတစ်ခါ ဆိုကရေးတီးက ပလေတိုကို တောထဲတစ်ခေါက် လမ်းလျှောက်စေတယ်။ ဒီတစ်ကြိမ်မှာ ခေါက်တုန့်ခေါက်ပြန် လျှောက်လို့ရပြီး သွားရာလမ်းတစ်လျှောက်မှာ အလှဆုံးပန်းတစ်ပွင့်ကို ယူခိုင်းစေခဲ့တယ်။

ဒီတစ်ခါလည်း ပလေတိုက ယုံကြည်မှုအပြည့်နဲ့ထွက်ခဲ့ပြန်တယ်။ နှစ်နာရီ နီးပါးကြာတော့ စိတ်မသက်မသာနဲ့ အရောင်စုံပြီး အနည်းငယ် ညှိုးနေတဲ့ ပန်းတစ် ပွင့်ကို သူ ယူလာခဲ့တယ်။

"ဒါက အလှဆုံးပန်းလား" လို့ ဆိုကရေးတီးမေးတော့ "နှစ်နာရီနီးပါး ကျွန်တော် လိုက်ရှာတော့ အလှဆုံးလို့ ထင်ရတဲ့ဒီပန်းကို ကျွန်တော်တွေ့ပြီး ခူးလာ ခဲ့တယ်။ အပြန်လမ်းမှာ ပန်းက တဖြည်းဖြည်း ညှိုးသွားတယ်" လို့ ပြောတော့ ဆို ကရေးတီးက "အဲတာ တိတ်တိတ်ပုန်းပဲ" လို့ ဆိုတယ်။

တစ်နေ့မှာ ပလေတိုက ဆိုကရေးတီးကို **ဘဝဆိုတာ ဘာလဲလို့ မေးပြန် တယ်။** ဆိုကရေးတီးက အထက်ကအတိုင်း ပလေတိုကို တောထဲတစ်ခေါက် လမ်း လျှောက်စေတယ်။ ဒီတစ်ကြိမ်မှာ ခေါက်တုန့်ခေါက်ပြန် လျှောက်လို့ရပြီး သွားရာ လမ်းတစ်လျှောက်မှာ အလှဆုံးပန်းတစ်ပွင့်ကို ယူခိုင်းစေခဲ့တယ်။

သင်ခန်းစာ ရထားဖူးတော့ ပလေတိုက သတိရှိရှိနဲ့ ထွက်ခဲ့ပြန်တယ်။ သုံးရက်သုံးည လွန်မြောက်တဲ့အထိ ပလေတိုပြန်မလာလို့ ဆိုကရေးတီး လိုက်ရှာ တော့ တောအုပ်တစ်နေရာမှာ ပလေတို တဲထိုးပြီး နေနေတာကို တွေ့လိုက်တယ်။

"အလှဆုံးပန်းကို ရှာတွေ့ပြီလား" လို့မေးတော့ ပလေတိုက ပန်းတစ်ပွင့်ကို

mgyoe.com

mgyoe.com SAMPLE BOOK

ထိုးပြပြီး "ဒီတစ်ပွင့်ကို အလှဆုံးလို့ ဆိုနိုင်မလား" လို့ မေးတယ်။

"ဒါဆို ဘာလို့ ခူးမပြန်လာတာလဲ"

"ကျွန်တော် ခူးလိုက်ရင် ပန်းက နွမ်းသွားတော့မယ်။ ကျွန်တော် မခူးရင်လည်း သူ နွမ်းသွားမယ်ဆိုတာ သိပါတယ်။ ဒါကြောင့် လှလှပပ ဖူးပွင့်နေတာကို ကြည့်ပြီး သူ ညှိုးသွားမှ နောက်တစ်ပွင့်ကို ကျွန်တော် ထပ်ရှာတော့မယ်။ ဒါ ကျွန်တော်တွေ့ခဲ့တဲ့ ပန်းထဲက အလှဆုံး ဒုတိယပန်းတစ်ပွင့်ပါပဲ"

"အင်း... ဘဝရဲ့အဓိပ္ပာယ်ကို မင်း နားလည်ခဲ့ပြီပဲ" လို့ ဆိုကရေးတီးက ပလေတိုကို ပြောလိုက်တယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အချစ်သည ဒသမ တစ်မီလီမီတာ

"၀. ၁ မီလီမီတာရှိတဲ့ စာရွက်တစ်ရွက်ကို ၄၂ ခါလောက် အထပ်ထပ် ခေါက်လိုက်ရင် ခေါက်လို့ရတဲ့အမြင့်က လကမ္ဘာကိုတောင် ရောက်နိုင်တယ်"

ဒီစာကြောင်းရဲ့ ဆိုလိုချက်ကို နားမရှင်းဖြစ်နေသလား၊ အောက်ကစာကို ဆက်ဖတ်ပါ။

❑

ဒီနေ့က နေ့ထူးနေ့မြတ်ဖြစ်တယ်။ ကောင်းချီးပေးဖို့ လူတွေ အများကြီး ရောက်နေကြတယ်။ နေ့ရက်များစွာ ဖြတ်ကျော်ပြီးမှ ငါ့လက်ထပ်ခွင့်ကို နင် ခေါင်းညိတ်ခဲ့တယ်။ ငါနဲ့ တစ်သက်တာ လက်တွဲဖို့ နင် ခွင့်ပြုခဲ့တယ်။

ငါတို့ ချစ်သူဖြစ်ခဲ့တာ အခုဆိုရင် ၄ နှစ် ၇ လ ၁၀ ရက်ရှိပြီ။ ရက်ပေါင်း ၁၆၀၀ ကျော်ကာလမှာ ဖြစ်ပျက်ခဲ့တဲ့ အတိတ်တွေကို နင် မှတ်မိဦးမလား။ နင့်ကို ငါ ချစ်ရေးဆိုတုန်းက နင်ပြောခဲ့တဲ့ စကားကို မှတ်မိသေးလား။

"တကယ်လို့ ငါ့ကို နင်ချစ်တဲ့ အချစ်လောက် ငါ မချစ်ခဲ့ရင် နင် ကျေနပ်မှာလား"

"ကိစ္စမရှိဘူး။ ငါ့ကို နင် ချစ်လာအောင် ငါ လုပ်နိုင်တယ်"

ဘယ်ကရောက်လာမှန်း မသိတဲ့ သတ္တိနဲ့ နင့်စကားကို ငါပြန်ချေပခဲ့တယ်။ နင်နဲ့ ချစ်သူဖြစ်စက ငါတို့ချစ်ခြင်းကို လူတွေက အကောင်းမမြင်ကြဘူး။ ငါဟာ

mgyoe.com

mgyoe.com SAMPLE BOOK

နင့်အတွက် အပျင်းပြေလို့ ပြောကြသလို ငါဟာ နင့်ခံစားချက်အတွက် အရုပ်တစ်ရုပ်လို့လည်း ပြောကြတယ်။ သွေးထိုးကြတဲ့ ပတ်ဝန်းကျင်ကြောင့် ဒီအချစ်ကို ငါ လက်လွှတ်လိုက်မယ်လို့ ခဏခဏ တွေးခဲ့မိတယ်။ ဒါပေမဲ့ အင်အားတစ်ခုခုက ငါ့ကို တောင့်ခံထားစေတယ်လို ခံစားမိလို့ မှားတဲ့ဆုံးဖြတ်ချက်တစ်ခုကို ငါတဇွတ်ထိုး မချခဲ့မိဘူး။ အဲဒီလို ဆုံးဖြတ်ချက်မျိုး မချခဲ့လို့ဘဲ ဒီနေ့ ဒီအချိန်မှာ နင်နဲ့ ထာဝရ လက်တွဲခွင့်ရခဲ့တာပေါ့။

ချစ်သူတွေဖြစ်စက ငါတို့ဟာ အဖြစ်သည်းတဲ့ ချစ်သူနဲ့မတူဘဲ သူငယ်ချင်းနဲ့ ပိုတူခဲ့တယ်။ ငါတို့ကြားမှာ ချစ်တင်းနှီးနှောတဲ့ အပြုအမူတွေ မရှိခဲ့ဘူး။ နင့် စဉ်းစားဆင်ခြင်ဉာဏ်က ထိတွေ့ခံစားမှု အသိထက် ပိုခဲ့တယ်။

နင့်လက်ကို တွဲဖို့ ကြိုးစားတဲ့ ငါ့လက်ကို နင် ကျွမ်းကျွမ်းကျင်ကျင် ရှောင်ခဲ့တယ်။ ရှောင်တဲ့အကြောင်းရင်းကို ငါ သိပါတယ်။ နင့်အချစ်က ငါ ချစ်သလောက် မရှိခဲ့လို့ ... ငါ့ကို နင်ဘယ်လောက်ချစ်မှန်းလဲ နင့်ကိုနင် မသိခဲ့လို့ မဟုတ်လား။

နင့်ကို ငါကပဲ ဖုန်းစဆက်ရတယ်။ ဖုန်းပြောတိုင်းလည်း ငါ့တစ်ယောက်တည်း ပြောနေရတဲ့စကားတွေက နင်ပြန်ဖြေတာထက် ပိုများခဲ့တယ်။ ချိန်းတွေ့မယ့် ရက်ကိုလည်း ငါပဲ သတ်မှတ်ရတယ်။ အပြင်ထွက်တိုင်းလည်း ငါ စကားစမပြောရင် နင်က ငါ့ဘေးမှာ နှုတ်ဆိတ်ပြီး လိုက်ပါနေတတ်တယ်။ ငါကသာ စကားတွေ မပြောခဲ့ရင်၊ ဖုန်းစမဆက်ခဲ့ရင် အဆက်အသွယ်ပြတ်ပြီး ငါတို့ဟာ သူစိမ်းတွေဖြစ်သွားကြမှာ။

တကယ်လို့ အချစ်မှာ မပုပ်မသိုးအောင် သိုလှောင်ထားတဲ့ ကန့်သတ်ရက်တွေ ရှိခဲ့မယ်ဆိုရင် နင်နဲ့ ငါ ချစ်သူတွေဖြစ်နေတဲ့ကာလက သေချာ မထုပ်ပိုးထားတဲ့ ဆီသွပ်ဘူးလိုပဲ ပုပ်သိုးလွယ်မှာ သေချာခဲ့တယ်။

ချစ်သူသက်တမ်းတစ်လျှောက် မကျေနပ်ချက်နဲ့ အလိုမကျမှုတွေက ရှိတတ်စမြဲပဲ။ ဒါပေမဲ့ နင့်ကို ငါ ဖွင့်မပြောရဲခဲ့ဘူး။ ငါချစ်သလောက် နင်မချစ်ခဲ့လို့ ငါဖွင့်ပြောရမှာ ကြောက်ခဲ့တယ်။ ငါ့ကို နင် ထားသွားမှာ ငါ တွေးကြောက်ခဲ့တယ်။ ငါ့မကျေနပ်ချက်တွေကို ငါ့အရင်းနှီးဆုံး သူငယ်ချင်းနဲ့ပဲ ငါ ထွက်ပေါက်ရှာခဲ့တယ်။

နင့်ဘက်က အေးစက်စက် အပြုအမူတွေကြောင့် ငါ တဖြည်းဖြည်း စိတ်ကုန်လာခဲ့မိတယ်။ ငါ့ကို နင်ပေးတဲ့ အချစ်ထက် ငါ ပိုလိုချင်ခဲ့တယ်။ ပိုတိကျတဲ့ ဆုံးဖြတ်ချက်တွေ လိုချင်ခဲ့တယ်။ ငါ့ရဲ့ မကျေမနပ် ရင်ဖွင့်တာကို နားထောင်ပြီး သူငယ်ချင်းက ပြောတယ်။

mgyoe.com

mgyoe.com SAMPLE BOOK

"၀. ၁ မီလီမီတာရှိတဲ့ စာရွက်တစ်ရွက်ကို ၄၂ ခါလောက် အထပ်ထပ် ခေါက်လိုက်ရင် ခေါက်လို့ရတဲ့ အမြင့်က လကမ္ဘာကိုတောင် ရောက်နိုင်တယ်" တဲ့… စစခြင်းမှာ အဲဒီစကားရဲ့အဓိပ္ပာယ်ကို ငါ နားမလည်ဘူး။

နင်နဲ့ ချစ်သူဖြစ်ပြီး ၆ လနဲ့ ၁၃ရက်အကြာမှာ "ဝွတ်နိုက်" လို့ရေးထားတဲ့ နင့်ရဲ့ပထမဆုံး မက်ဆေ့ကို ငါ ရခဲ့တယ်။

နင်နဲ့ချစ်သူဖြစ်ပြီး ၁၀ လအကြာမှာ ငါ့ဆီကို ပထမဆုံးဆက်တဲ့ နင့်ဖုန်းကို ငါရခဲ့တယ်။

နင်နဲ့ ချစ်သူဖြစ်ပြီး တစ်နှစ်နဲ့ နှစ်လအကြာမှာ ပထမဆုံးအကြိမ် နင် ငါ့ကို စချိန်းခဲ့တယ်။

နှစ်နှစ်အကြာ ညတစ်ညမှာ ငါ မတော်တဆ ကားတိုက်မှုဖြစ်ပြီး ခြေထောက်မှာ ဒဏ်ရာရတယ်ဆိုတဲ့ သတင်းကြားတာနဲ့ သန်းခေါင်ယံ ည ၁ နာရီမှာ ငါ့အိမ်ကို နင် ကမူးကရှူး ရောက်လာခဲ့တယ်။ ဒဏ်ရာမများမှန်းသိပေမယ့် ငါ့ကို နှစ်ရက်ကြာ နင် ပြုစုခဲ့တယ်။

သူငယ်ချင်းပြောတဲ့စကားကို ငါ တဖြည်းဖြည်း သဘောပေါက်လာမိတယ်။ ချစ်ခြင်းက တဖြည်းဖြည်း စုပုံပြီး တိုးလာတတ်မှန်း ငါနားလည်လိုက်တယ်။ ငါ့ကို တိကျတဲ့ဆုံးဖြတ်ချက် နင်မပေးခဲ့ပေမယ့် နင့်နဲ့ချစ်ဖို့ အခွင့်အရေးတော့ ပေးခဲ့တယ်။ သွေးထိုးစကားတွေ ကြားပေမယ့် ရပ်နေရာက နင် မရွေ့ခဲ့ဘူး။ ငါ့တောင်းဆိုမှုကို နင် မရှောင်ပြေးခဲ့ဘူး။ ငါ့အပေါ်ထားတဲ့ နင့်ချစ်ခြင်းတွေကို နင် တဖြည်းဖြည်း စုပုံနေမှန်း၊ အတိုးချနေမှန်း၊ ငါ့ဘေးမှာ နင် အမြဲရှိနေမှန်း ငါ သိလိုက်ရတယ်။

ငါ့သူငယ်ချင်းက ငါတို့ မင်္ဂလာပွဲရဲ့ အသိသက်သေ၊ ငါတို့ရဲ့ အချစ်သက်သေဖြစ်ခဲ့တယ်။ ငါတို့ ဖြတ်သန်းလာခဲ့တဲ့ အချစ်လမ်းတစ်လျှောက်ကို ကြည့်ပြီး အခုချိန်မှာမှ သူ အားကျနှစ်လို ရယ်နိုင်တော့တယ်။

နင့်လက်ထဲ ဘဝရဲ့ပထမဆုံး စိန်လက်စွပ်ကို စွပ်ပေးချိန်မှာ ပထမဆုံးအကြိမ် ပြောတာမဟုတ်တဲ့ စကားကို နင့်အတွက် ငါ ပြောဖြစ်ပြန်တယ်။

"နင့်ကို ငါချစ်တယ်"

ခေါင်းငုံ့ပြီး နင့်ကို ငါ ဖွဖွလေး နမ်းလိုက်တယ်။

"မြင်မြင်ချင်း အချစ်" က လှတယ်တဲ့။ ဒါပေမဲ့ တဖြည်းဖြည်း အတိုးချပြီး ချစ်တဲ့အချစ်က လူကို ပိုမူးယစ်စေတယ်။ အခုအချိန်မှာ နင်ချစ်တဲ့ အချစ်က ငါ့ အချစ်လောက် မရှိပေမယ့် နင်နဲ့ ငါ့ကြား အကွာအဝေးက တိုသထက် တိုလာပြီး

mgyoe.com

mgyoe.com SAMPLE BOOK

နောက်ဆုံး သူညပဲ ကျန်မယ်ဆိုတာ ငါ ယုံကြည်တယ်။

❑

အချစ်မှာ တရားတာ မတရားတာ မရှိဘူး။ အမှန်တကယ် ပေးဆပ်လိုက်ရလို့ ထိုက်တန်လား၊ မထိုက်တန်ဘူးလားနဲ့ နောင်တရ၊ မရ ဆိုတာပဲ ရှိတယ်။

တကယ်ချစ်တဲ့ အချစ်ဆိုတာ နှုတ်ခမ်းဖျားက ချိုမြိန်တဲ့စကားတွေ မဟုတ်ဘူး။ ကိုယ်ချစ်တဲ့ချစ်သူ စိတ်ပျော်ရွှင်အောင် ဘယ်လို စွမ်းဆောင်ရမလဲ ဆိုတာပဲ ဖြစ်တယ်။

"ကိုယ်ကြိုက်နှစ်သက်သူရဲ့ ကြိုက်နှစ်သက်မှုကို ပြန်ရတာဟာ မင်္ဂလာ တစ်ပါးတဲ့။ အဲဒီ မင်္ဂလာကို ဘုရားသခင်က 'အချစ်' လို့ အမည်ပေးခဲ့တယ်"

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# လူတိုင်း အချစ်ခံထိုက်သည်

အချစ်စစ်က အဖိုးမဖြတ်နိုင်ဘူး၊ အချစ်စစ်နဲ့ချစ်ဖို့ရာ အကြောင်းတရား မလိုပါဘူး။ ယုံကြည်မှုကို လက်ကိုင်ထားရင် လူတိုင်းက အချစ်ခံထိုက်သူတွေဖြစ်တယ်။

"ကျွန်မ ငယ်ငယ်ကလေ နေကြီးကိုရွက်ပြီး ရေခဲချောင်းအပြည့်တင်ထားတဲ့ စက်ဘီးနဲ့ ကစားကွင်းတွေမှာ ရေခဲချောင်း လိုက်ရောင်းခဲ့ရတယ်။ ရေခဲချောင်းတွေ ရောင်းလို့မကုန်ရင်... "

စီးကရက်ကိုင်ထားတဲ့ လက်ဖမိုးနဲ့ နဖူးပေါ် ကျနေတဲ့ ဆံစတွေကို သပ်တင်ရင်း သူ စကား ဆက်ပြန်တယ်။

"ရောင်းလို့မကုန်ရင် ရေခဲပုံးကို ဖက်ပြီး လမ်းဘေးမှာ ကျွန်မ ငိုတတ်တယ်။ ရောင်းမကုန်ရင် အဖေက ကြိမ်လုံးနဲ့ ကျွန်မကို ရိုက်တယ်။ ကျွန်မ တစ်ကိုယ်လုံး ဒဏ်ရာတွေချည်းပဲ"

"ကျွန်မ ငိုပြီဆိုရင် ပုတုက ကျွန်မကို လာ လာကူကတတ်တယ်။ သူက ကျွန်မတို့ အိမ်နားကပဲ။ သူလည်း ရေခဲချောင်းရောင်းတယ်။ ကျွန်မငိုတာကို မကြည့်ရက်လို့ဆိုပြီး ရေခဲချောင်းတွေကို ပိုက်ဆံနဲ့ လာလာလဲတယ်။ ဒါမှ အိမ်ပြန်ရောက်ရင် ကျွန်မ အရိုက်မခံရမှာ..."

"ငယ်ငယ်က ကျွန်မတို့ အရမ်းဆင်းရဲတယ်"

mgyoe.com

m gyoe.com SAMPLE BOOK


အနာကပ်ပလာစတာ ကပ်ထားတဲ့ ခြေထောက်ကဒဏ်ရာကို သူ ပွတ်သပ်လိုက်တယ်။

“နှစ်ယောက်အိပ် ခုတင်ပေါ်မှာ ကလေးလေးယောက်၊ လူကြီးနှစ်ယောက်နဲ့ ကျွန်မတို့ ကြပ်ကြပ်ညပ်ညပ် အိပ်ကြရတယ်။ ကျွန်မကအကြီး... တခြားမောင်နှမတွေထက် ကျွန်မက လူကောင်ထွားတယ်။ မိုးရွာတဲ့ညဆိုရင် ကျွန်မ ကံမကောင်းဘူး။ ကျွန်မခြေရင်း ခေါင်မိုးက မိုးယိုတော့ ရေပုံးနဲ့ ခံထားရတယ်။ တစ်ညလုံး ခြေမဆန့်ဘဲ ကျွန်မ အိပ်ခဲ့ရတယ်”

“ဒါပေမဲ့ ကလေးဆိုတော့နော်... အိပ်ကောင်းကောင်းနဲ့ မေ့ပြီး ရေပုံးကို ခြေထောက်နဲ့ ကန်မိတတ်တာပေါ့။ ရေပုံးမှောက်လို့ ခုတင်တစ်ခုလုံး ရွှဲသွားရင် အဖေက ကျွန်မကို ချက်ချင်း ခုတင်အောက် ဆွဲချပြီး ရိုက်တော့တာပဲ”

သူ့မျက်လုံးမှာ မျက်ရည်တွေ သီခိုနေတယ်။

“ကျွန်မလေ နာလိုက်တာ သေမတတ်ဘဲ...”

“ကျွန်မ အပျော်ဆုံးနဲ့ အအောင်မြင်ဆုံးအချိန်က ကျွန်မ မိန်းမရှင်စ လုပ်တဲ့အချိန်ပဲ”

ကျွန်မကို မျက်စလေးပစ်ပြပြီး သူ စကားဆက်ပြန်တယ်။

“အခုလို ရွတ်တွနေတဲ့ ကျွန်မရဲ့အသားအရေကို မကြည့်နဲ့နော်။ ကျွန်မ ငယ်ငယ်က ချောတယ် သိလား။ ယောကျ်ားသားတွေကို ကျွန်မ ဘာလိုချင်လဲ စကားဟလိုက်တာနဲ့ လိုချင်တာ ချက်ချင်းရတယ်။ ရတဲ့ ပိုက်ဆံတွေကို ကျွန်မ အိမ်ပြန်အပ်တယ်။ ဒါပေမဲ့ အဖေနဲ့ အမေက ကျွန်မကို မျက်စောင်းနဲ့ပဲ ကြည့်ကြတယ်။ လိမ္မာတဲ့ ကျွန်မကို အဖေနဲ့အမေက မချစ်ကြဘူး။ သူတို့ဘာဖြစ်လို့ ကျွန်မကို မချစ်ကြမှန်း ကျွန်မလည်း မသိဘူး...”

ဆေးလိပ်တစ်ဖွာကို ခပ်ပြင်းပြင်း သူ ရှိုက်ရင်း “တစ်လောက ခရစ်ယာန် ဘုန်းကြီးနှစ်ပါး အိမ်ကို ရောက်လာတယ်။ သူတို့က ပြောတယ်။ ကျွန်မကို ဘုရားသခင် ချစ်တယ်တဲ့။ ကျွန်မဟာ ဘုရားသခင်ရဲ့ သမီးတော်တဲ့။ အဲစကားကြားတော့ ကျွန်မမှာ ရယ်ချင်လိုက်တာ... ဟား... ဟား...ဟား ...” ပြောရင်း သူ ရယ်တယ်။ အရယ်မျက်လုံးထဲမှာ မျက်ရည်ဥတွေ တွဲခိုလို့...

“ဘယ်သူမှ ကျွန်မကိုမချစ်ဘူး... အချစ်စစ်နဲ့ ဘယ်သူမှ ကျွန်မကို မချစ်ခဲ့ကြဘူး”

သူ့ကိုသတိရတိုင်း မြင့်မားတဲ့ သူ့ပုံရိပ်၊ ဒဏ်ရာအနာတွေ ယှက်သန်းနေတဲ့

m gyoe.com

mgyoe.com

သူ့အကြည့်နဲ့ အထီးကျန်မှုတွေ ခံစားနေရတဲ့ သူ့သဏ္ဍာန်ကို ကျွန်မ အရင်ဆုံး ပြေးမြင်မိတတ်တယ်။ တကူးတက လှပအောင် ခြယ်သထုပ်ပိုးထားတဲ့ သူ့ပြင်ပန်း သဏ္ဍာန်က အတွင်းစိတ်မှာ ခံစားနေရတဲ့ သူ့ခံစားချက်ကို မဖုံးဖိနိုင်ခဲ့ဘူး။ ဒဏ်ရာ အထပ်ထပ်နဲ့ ဖြတ်ကျော်ခဲ့ရတဲ့ အတိတ်က နာကျင်မှုတွေကို မသိဝှက်နိုင်ခဲ့ဘူး။

လူတိုင်းရဲ့ခန္ဓာထဲမှာ ချစ်ခြင်းမေတ္တာကို လိုအပ်နေတဲ့ မွေးရာပါ နေရာ လပ်တစ်ခု ရှိကြတယ်။ တကယ်လို့ လူတစ်ယောက်ကို ငယ်ငယ်လေးကတည်းက လိုအပ်တဲ့ ချစ်ခြင်းတွေကို ဂရုတစိုက် ဖြန်းလောင်းပေးခဲ့ရင် အဲဒီ နေရာလပ်ဟာ လုံလောက်တဲ့ ရေတွေရတဲ့ ရေစုပ်စက်တစ်လုံးလို တွင်းထဲက ရေတွေကို ပို့ထုတ်ယူ နိုင်မှာဖြစ်တယ်။

ဒါပေမဲ့ လူတချို့က (ကျွန်မ မျက်စိရှေ့က သူ့လိုပဲ) လိုအပ်တဲ့ ချစ်ခြင်းတွေ အပြည့်အဝ မရကြဘူး။ ရေစုပ်စက်အောက်ဆုံးမှာ အစုပ်ခံမယ့်ရေတွေကို ပေါက်နေ တဲ့ခွက်ထဲ ထည့်လိုက်သလိုပဲ တစ်စက်မကျန် အကုန် ယိုဖိတ်စေခဲ့တယ်။

ညှိုးနွမ်းနေတဲ့ သူ့စိတ်နှလုံးက ချစ်ခြင်းတွေကို မထုတ်နိုင်ခဲ့တော့ဘူး။ အချစ်ခံရဖို့အတွက် တချို့က တစ်ဖက်လူရဲ့ အလိုကို လိုက်လျောရတယ်လို့ ထင်မှတ် ထားကြတယ်။ တချို့က ပိုက်ဆံ ပင်ပင်ပန်းပန်း ရှာပေးရတယ်လို့ ထင်မှတ်ထားကြ တယ်။ တချို့က ခန္ဓာကိုယ်ကို ပေးအပ်ရတယ်လို့ ထင်မှတ်ထားကြတယ်။ တချို့က တစ်ဖက်လူရဲ့ မျှော်လင့်ချက်ကို အကုန်ဖြည့်ပေးရတယ်လို့ ထင်မှတ်ထားကြတယ်။ တချို့က အရာရာကို အနစ်နာခံ စွန့်လွှတ်ရတယ်လို့ ထင်မှတ်ထားကြတယ်။

ကမ္ဘာကြီးက ဘယ်သူ့ကိုမှ ဗဟိုပြုပြီး လည်ပတ်နေတာ မဟုတ်ပါဘူး။ ယုံကြည်မှုကို လက်ကိုင်ထားရင် ... လူတိုင်းက အချစ်ခံထိုက်သူတွေဖြစ်တယ်။ လူတွေရဲ့အချစ်ကို ခံချင်ရင် လူတွေကို ချစ်တတ်အောင် အရင် သင်ယူရတယ်။ လူတွေကို ချစ်ခြင်းတွေ အရင်ပေးမှ သူတို့ကတစ်ဆင့် တခြားလူတွေကို ဆင့်ပွားနိုင် မှာဖြစ်တယ်။

ဒီလောကမှာ 'ကိုယ်' (myself) ဆိုတာ တစ်ဦးတည်းပဲရှိတယ်။ ကိုယ်နဲ့တူ တဲ့လူ နောက်ထပ်လုံးဝမရှိနိုင်ဘူး။ 'ကိုယ်'မှာ ကိုယ်ချင်းစာ ကြင်နာတတ်တဲ့ မျက်လုံး တစ်စုံရှိတယ်။ ချစ်ခြင်း၊ သနားခြင်းတွေနဲ့ ခုန်လှုပ်နေတဲ့ နှလုံးသားတစ်စုံရှိတယ်။ 'ကိုယ်'ဟာ ရိုသေလေးစား ခံထိုက်သူဖြစ်တယ်။ အချစ်ခံထိုက်သူဖြစ်တယ်။ ဒါတွေ ဟာ မိမိကိုယ်ကို ယုံကြည်ခြင်းရဲ့ ရလဒ်တွေဖြစ်တယ်။ ယုံကြည်မှုက လူတွေရဲ့ အကဲ့ရဲ့၊ အနှိမ်ခံတာကို လျစ်လျူရှုထားပေးတယ်။

mgyoe.com

mgyoe.com


ကိုယ့်ဘေးကလူတွေ ကိုယ့်ကို ချစ်ခြင်းတွေ မပေးစွမ်းနိုင်တဲ့အခါ၊ ကိုယ့်ကို ပွေ့ဖက်ဖို့ သူတို့မှာ အားအင်တွေ မရှိတဲ့အခါ သူတို့ကို ကိုယ်ချင်းစာ နားလည် ခွင့်လွှတ်ပေးလိုက်ပါ။ သူတို့မှာ လူတွေကိုချစ်ဖို့၊ သူတို့ကိုယ် သူတို့ချစ်ဖို့ အချစ်တွေ ပါမလာခဲ့လို့ပါ။

ရိုးသားမှု၊ ရိုသေလေးစားမှု၊ ချစ်ခြင်းမေတ္တာတွေကို ကိုယ်က ပေးဆပ်နေလျက်နဲ့ လူတွေရဲ့ လှောင်ပြောင်မှု၊ ကဲ့ရဲ့ဆဲဆိုမှု၊ အပြစ်ပုံချမှုတွေ သင် ခံနေရသေးတယ်ဆိုရင် သင် မကောင်းလို့ မဟုတ်ပါဘူး။ သင့်ပေးဆပ်မှုတွေကို အဲဒီလူတွေ လက်ခံနိုင်တဲ့အဆင့် မရှိသေးလို့ပါ။

တကယ်လို့ သင့်ခန္ဓာ သင့်ဝိညာဉ်တွေ ညှိုးနွမ်းခဲ့ရင် နားနှစ်ဘက်ကို ပိတ်ထားလိုက်ပါ။ တခြားလူရဲ့ ထိခိုက်နာကျင်စေမယ့် စကားတွေနဲ့ ကိုယ့်နှလုံး သားကို အပြည့်မဖြည့်လိုက်ပါနဲ့။ နေရာလပ်တစ်ခု ချန်ထားပြီး ယုံကြည်မှုတွေ ဖြည့်ပေးပါ။

ရင်ထဲကလာတဲ့ ချစ်ခြင်းမေတ္တာ အစစ်အမှန်က အဖိုးမဖြတ်နိုင်ပါဘူး။ စစ်မှန်တဲ့ ချစ်ခြင်းမေတ္တာအတွက် အကြောင်းတရား မလိုပါဘူး။ ယုံကြည်မှုကို လက်ကိုင်ထားရင် လူတိုင်းက အချစ်ခံထိုက်သူတွေဖြစ်တယ်။

*မူရင်းရေးသားသူ... Mo Zhai*

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အချစ်တန်ဖိုး

"မောင် ဒီနေ့ပြန်လာဖို့ တကယ် အချိန်မမီတော့ဘူးလားဟင်" တံခါးဝထိ လိုက်ပို့တဲ့ ဇနီးက မျှော်လင့်ချက်မျက်လုံးနဲ့ သူ့ကိုမေးတယ်။

"ဒီဧည့်သည်က အရေးကြီးတယ်။ မောင်တို့ ဟိုမှာပဲ တည်းဖြစ်လိမ့်မယ်။ မောင့်ကို မစောင့်နဲ့တော့နော်။ မနက်ဖြန်မှပဲ မောင်တို့ ထပ်ကျင်းပကြတာပေါ့"

"ဟုတ်ကဲ့ပါမောင်... ကားကို သတိထား မောင်းဦးနော်"

သူမကို သူ တစ်ချက်နမ်းလိုက်တယ်။ သူ့အလုပ်အိတ်ကို ကားပေါ် သူမ တင်ပေးလိုက်တယ်။ ဒီနေ့က သူနဲ့ သူမရဲ့ မင်္ဂလာနှစ်ပတ်လည်နေ့ ဖြစ်တယ်။ သူမကို သူစတွေ့တုန်းက သူမရဲ့ဖျတ်လတ်မှု၊ အလုပ်အကိုင်ကြိုးစားမှု၊ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နိုင်မှု၊ စိတ်သဘောထား နူးညံ့သိမ်မွေ့မှုတွေက သူ့ကို ဖမ်းစားခဲ့တယ်။ ဒီနေ့အထိ သူမကို လက်ထပ်ဖို့ ဆုံးဖြတ်ခဲ့တဲ့ သူ့ဆုံးဖြတ်ချက်တွေ မှန်ခဲ့တယ်ဆိုတာ သက်သေပြနေပါတယ်။

သူမဟာ ကုန်သည်ရဲ့ဇနီးကောင်းတစ်ဦးအဖြစ် တာဝန်ကျေခဲ့ပါတယ်။ သူ့အတွက် စိတ်ဓာတ်ခွန်အားတွေ အားပေးကူညီသူဖြစ်ခဲ့တယ်။ မကြာခဏ သူ ခရီးထွက်ရလို့ အိမ့်တာဝန်ကို တစ်ဦးတည်း ထိန်းသိမ်းခဲ့သူဖြစ်တယ်။ သားနှစ်ယောက်ကလည်း လိမ္မာရေးခြားရှိလှတယ်။ သားလေးတွေမွေးတုန်းက သူမ အနားမှာ သူ မရှိနိုင်ခဲ့ဘူး။ ဒါကြောင့် ဒီဘဝမှာ သူတို့အတွက် အရေးကြီးတဲ့ နေ့ရက်ဆိုလို့ မင်္ဂလာနှစ်ပတ်လည်နေ့နဲ့ သူမ ဆုံးတဲ့နေ့ဖြစ်တယ်။ အဲဒီနှစ်ရက်ကို သူ မပျက်မကွက်

mgyoe.com

တက်ရမယ်လို့ သူ့ကို သူမ မကြာခဏ စနောက်တတ်တယ်။

သူမရဲ့ အစအနောက်ကို သူ ဂရုမစိုက်ခဲ့မိဘူး။ ခါတိုင်းလိုပဲ သူ့စိတ်ကူး အိပ်မက်တွေအတွက် အလုပ်တွေနဲ့ ရှုပ်နေခဲ့တယ်။ သူ့စိတ်ကူးအိပ်မက်၊ သူ့ရည်မှန်းချက်နဲ့ သူ့သတ္တိကို သူမ အစကတည်းက နားလည်ခဲ့ပါတယ်။ ဒီလောကမှာ သူမဟာ သူ့ကို နားလည်မှုအပေးဆုံးလို့လည်း သူ သိထားတယ်။ သူ့ကြိုးစားမှုတွေက သူမအတွက်၊ မိသားစုအတွက်ဆိုတာ သူမ သဘောပေါက်ခဲ့ရင် ဒီည နှစ်ပတ်လည်နေ့မှာ သူ ပျက်ကွက်ခဲ့တာကို သူမ ခွင့်လွှတ်လိမ့်မယ်လို့ သူယုံကြည်မိတယ်။ ကုမ္ပဏီသွားတဲ့ လမ်းတစ်နေရာမှာ ပန်းအရောင်းဆိုင်တစ်ဆိုင်ကို သူ တွေ့လိုက်တယ်။ ကားရပ်ပြီး သူမကြိုက်တဲ့ နှင်းဆီနီကို ခုနစ်ဒါဇင် သူမှာလိုက်တယ်။ နှင်းဆီတစ်ပွင့်က တစ်လ ကိုယ်စားပြုတယ်။ ၇ နှစ်စာအတွက် နှင်းဆီပန်းတွေမှာပြီး နေအိမ်လိပ်စာကတ်ကို သူထုတ်ပေးလိုက်တယ်။ သူ့ကိုယ်စား သူမအတွက် ပန်းဆိုင်က သွားရောက် ပို့ပေးဖို့ဖြစ်တယ်။ ပန်းမှာပြီး သူလှည့်အထွက် တံခါးဝမှာ ပန်းအိုးတစ်လုံး ကိုင်ထားတဲ့ အဘိုးအိုတစ်ဦးနဲ့ သူ တိုက်မိသွားတယ်။

" ဟာ... အဘိုး... ဆောရီးပါ။ ဘယ်နာသွားသေးလဲ"

ပျာပျာသလဲတောင်းပန်တဲ့ သူ့ကို အဘိုးအို ဂရုမစိုက်ဘဲ လက်ထဲ လွတ်ကျခါနီးတဲ့ ပန်းအိုးကိုပဲ အမြန် စစ်ဆေးနေတယ်။

"တော်သေးတယ်... တော်သေးတယ်။ ဘုရားသခင် ကယ်ပေလို့ ဒီစပယ်ပန်းအိုးလေး ကွဲမသွားတာ" အဘိုးအို တိုးတိုးလေးရွတ်လိုက်တယ်။

"အဘိုး... အဆင်ပြေလား... ဆေးရုံလိုက်ပို့စရာလိုလား" သူ ထပ်မေးလိုက်ပြန်တယ်။

အဲဒီအချိန်ကျမှ အဘိုးအိုက "မလိုဘူး... ငါ့သား မလိုဘူး။ အဘိုးအရိုးတွေ မာနေသေးတယ်။ ဘာမှမဖြစ်လောက်ဘူး။ ဒီပန်းက အဘိုးမိတ်ဆွေ စိုက်ထားတာ။ အဘိုးမိန်းမက စပယ်ပန်း ကြိုက်တတ်မှန်းသိလို့ လက်ဆောင်ပေးထားတာ။ မိန်းမကို အဘိုး မြန်မြန်ယူသွားပြရမယ်။ ဒီနေ့က အဘိုးတို့ရဲ့ ၄၅နှစ်ပြည့် နှစ်ပတ်လည်နေ့လေ။ သူ အရမ်းပျော်မှာပဲ"

ပြောပြောဆိုဆို ထွက်သွားတဲ့ အဘိုးအိုရဲ့နောက်ကျောကို သူ ငေးမိတယ်။ အသက်အရွယ် အိုမင်းသွားပေမယ့် ဇနီးအပေါ် ထားတဲ့ သူ့ခံစားချက်၊ သံယောဇဉ် မေတ္တာတွေက ပြည့်နေဆဲပါလား...

ကုမ္ပဏီဝင်ပြီး ညနေမှာ ဧည့်သည်နဲ့ ချိန်းထားတဲ့နေရာကို သူ ထွက်လာခဲ့တယ်။ ကားအသွားအလာရှင်းပြီး လမ်းတွေ မပိတ်ခဲ့ပေမယ့် လမ်းဘေးသချိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

တစ်နေရာက မြင်ကွင်းတစ်ခုက သူ့ကားကို ရပ်တန့်သွားစေတယ်။ ပန်းအရောင်းဆိုင်ရှေ့က သူ တိုက်ခဲ့မိတဲ့ အဘိုးအိုက အုတ်ဂူတစ်လုံးရှေ့ထိုင်ပြီး မြက်တွေ ရှင်းနေတာကို တွေ့လိုက်တယ်။ စပယ်ပန်းအိုးကို အုတ်ဂူပေါ် တင်ထားတာ သူ တွေ့လိုက်တယ်။

ဘာမှ စဉ်းစားမနေတော့ဘဲ ကားကို သူ ပြန်ကွေ့လိုက်တယ်။ ပန်းဆိုင်ရှေ့ ကားရပ်ပြီး ဆိုင်ထဲ သူ အပြေးဝင်လိုက်တယ်။

"ကျွန်တော်မှာထားတဲ့ပန်း ပို့လိုက်ပြီလား ခင်ဗျာ"

"မပို့ရသေးပါဘူး"

"ဒါဆို ကျွန်တော်ကိုယ်တိုင်ပဲ ယူသွားပါမယ်"

ကိုယ့်အနားရှိနေချိန်မှာ တန်ဖိုးထားရကောင်းမှန်း မသိဘဲ ဆုံးရှုံးသွားမှ လူတွေက နှမြောတတ်ကြတယ်။ ဒီလိုနှမြောခြင်းတွေ ကိုယ့်ဆီမှာမဖြစ်ပွားဖို့ ဘယ်လောက်ပဲ ပင်ပန်းနေပါစေ၊ အလုပ်များနေပါစေ ကိုယ့်ချစ်တဲ့သူအတွက် အချိန်တစ်ချိန် ချန်ထားပေးဖို့ မမေ့သင့်ပါဘူး။ ဘဝဆိုတာ နောက်တစ်ကြိမ် ထပ်လာလို့ မရနိုင်ပါဘူး။ **နောင်ဘဝ... နောင်ဘဝသာ ရှိခဲ့ရင် ဒီထက်ပိုချစ်ပြမယ်လို့ ကတိတွေ ပေးနေမယ့်အစား ဘာဖြစ်လို့ ဒီဘဝမှာ ကောင်းကောင်းတန်ဖိုးထားပြီး မချစ်ကြတာလဲ။** ရွေးချယ်မှုတွေ များနေလို့လား။ ရွေးချယ်မှုတွေ သိပ်များနေလို့ပဲ ဘယ်သူ၊ ဘယ်အရာကို တန်ဖိုးထားချစ်ရမှန်းမသိ တွေဝေနေလို့လား။

ဖတ်မိတဲ့ စာလေးတစ်ပုဒ်က ဒီလိုပါ။

တစ်ခါက ဇနီးမောင်နှံနှစ်ယောက်မှာ ဇနီးက ယောကျ်ားကို မေးတယ်။

"ဒီတစ်သက်မှာ ကိုယ်ကြိုက်တဲ့ ကားတစ်စီးပဲဝယ်မယ်။ နောက်ထပ်ကားသစ်လည်း လဲလို့မရဘူးဆိုရင် ကားကို ဘယ်လို ထိန်းသိမ်းမလဲ"

"အကောင်းဆုံး စက်ဆီကို သုံးမယ်၊ အချိန်ပြည့် ဂရုစိုက်မယ်၊ အမြဲတမ်း ဆေးကြောမယ်..." ယောကျ်ားဖြစ်သူက အကောင်းဆုံးဖြစ်နိုင်မယ့် အရာတွေကို တသီကြီး ပြောတယ်။

"ဒီလိုဆိုရင် တစ်သက်မှာ မိန်းမတစ်ယောက်ပဲ ယူရမယ်၊ လဲလို့လည်း မရဘူးဆိုရင်ကော..."

ဇနီးရဲ့အမေးကြောင်း ယောကျ်ားဖြစ်သူ မျက်နှာတစ်ခုလုံး နီရဲသွားတယ်။ အဲဒီနောက် ဇနီးလက်ကို ဆုပ်ကိုင်ပြီး "ငါ အဖြေသိပြီ" လို့ ပြန်ဖြေလိုက်တယ်။ ဇနီးကို ကြည့်တဲ့ သူ့အကြည့်မှာ အကြင်နာအခိုးအငွေ့တွေ ပိုပြည့်လျှံသွားပါတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# အချစ်စစ်ရဲ့ ရုပ်ပုံလွှာ

ရှေ့ဆက်ရမယ့်လမ်းက အရှည်ကြီး
တင်းတင်းဆုပ်ထားတဲ့ လက်ကို ဖြုတ်မချလိုက်နဲ့...

တစ်နေ့က မဆုံတာကြာပြီဖြစ်တဲ့ ကျောင်းနေဖက် သူငယ်ချင်းတစ်ယောက်နဲ့ ညစာစားဖြစ်တယ်။ အိမ်ထောင်သက်သုံးနှစ်ရှိပြီဖြစ်တဲ့ သူ့အမျိုးသားကိုပါ သူခေါ်လာတယ်။

ပထမဆုံးအကြိမ်ဆုံတဲ့ သူ့အမျိုးသားကို ကျွန်မ အကဲခတ်လိုက်တယ်။ အရပ်မမြင့်၊ ရုပ်မချောတဲ့အပြင် ဝတ်စားပုံကလည်း ခေတ်နဲ့တပြေးညီ မဟုတ်ဘူး။ စကားလက်ဆုံကျရင်း စကားထဲကနေ သူ့အမျိုးသားဟာ ဘဏ်တစ်ခုရဲ့ သာမန်ဝန်ထမ်းတစ်ယောက်ဆိုတာ သိရပြန်တယ်။

မှတ်မိပါသေးတယ်။ ကျောင်းနေတုန်းက ကျွန်မတို့မေဂျာဟာ အချောအလှပေါတဲ့ မေဂျာအဖြစ် နာမည်ကြီးခဲ့တယ်။ ဒုတိယနှစ်ကစပြီး အတန်းတစ်ချိန်နားတိုင်း အတန်းထက်ဝက်ကျော် မိန်းကလေးတွေက မိတ်ကပ်တွေထုတ်၊ မှန်တွေထုတ်ပြီး နှုတ်ခမ်းနီပါးနီ ဖို့တတ်ကြတယ်။ အဲဒီတုန်းက ခေတ်စားတဲ့ အဝတ်အစား၊ ဘောင်းဘီ၊ ဖိနပ်တွေက ကျွန်မတို့မေဂျာမှာ မဝတ်သူ မရှိခဲ့ဘူး။

ကျွန်မရဲ့ဒီသူငယ်ချင်းက အရပ် ၅ ပေ ၃ ရှိတဲ့အပြင် ကိုယ်လုံးကိုယ်ပေါက်

mgyoe.com

ကလည်း သူ့နေရာနဲ့သူ ပြည့်စုံလှပသူဖြစ်တယ်။ နှာတံစင်းစင်းနဲ့ မျက်နှာပေါက်ကလည်း ပြောစရာမရှိဘူး။ လမ်းလျှောက်ရင်လည်း နာမည်ကျော် မော်ဒယ်စတိုင်လ်အပြည့်နဲ့မို့ ကျောင်းဝင်းထဲ သူ ဝင်လာပြီဆိုရင် ဘသားချောတွေက တစ်ဝုန်းဝုန်းပဲ။ အဆောင်ရှေ့မှာဆိုရင်လည်း အပေါက်စောင့်နှစ်ယောက်ထက် ပိုထားရတယ်။

ဒါပေမဲ့ သူက ဖြစ်သလိုနေတတ်တဲ့ မိန်းကလေးမဟုတ်မှန်း ကျွန်မတို့ သိပါတယ်။ အစာစားရင်လည်း ထမင်းနဲ့ ကော်ဖီလွဲရင် သူ တခြား ဘာမှ မစားဘူး။ ကိုယ်စားတာ ကိုယ်ရှင်းဆိုတာမျိုးပဲ သူ ကျင့်သုံးတယ်။ တတိယနှစ် နောက်ပိုင်းအမြဲလာတတ်တဲ့ သူ့ဖုန်းတွေ၊ ပုံစံမတူတဲ့ ကားတွေ၊ မတူတဲ့ ကားမောင်းသူတွေ သူ ပြောင်းစီးလာတတ်တာဟာ မြင်နေကျ ကျွန်မတို့အတွက် ရိုးနေခဲ့ပါတယ်။

မတူတဲ့ယောကျ်ားလေးတွေနဲ့ သူ တွဲပေမယ့် သူ ရည်းစားလုံးဝမထားခဲ့ဘူး။ ရွေးစရာလူတွေများလို့ အခက်တွေ့နေတာလား၊ အချစ်စစ်ကို မတွေ့သေးလို့လားလို့ တစ်နေ့မှာ ကျွန်မ မအောင့်နိုင်ဘဲ သူ့ကို မေးလိုက်တယ်။

"ခံစားချက်ဆိုတာ ကြာရှည်တဲ့အရာလို့ ထင်လား" သူ့အမေးကို ကျွန်မ ခေါင်းညိတ်တယ်။

"ဒါဆိုရင် ကြာရှည်တဲ့အရာတွေက တည်ငြိမ်ရမှာပေါ့ မဟုတ်ဘူးလား" သူ့စကားကို ကျွန်မ ချက်ချင်း ပြန်မဖြေနိုင်ခဲ့ဘူး။

"ကားကောင်းတွေကို ကျွန်မ အများကြီးစီးဖူးတယ်။ ဒါပေမဲ့ ကားမောင်းသူတွေက ပေါ့ပေါ့တန်တန်ပဲ ကားကို ဂရုတစိုက် မမောင်းဘူး။ စီးရတဲ့လူကို စိုးရိမ်ထိတ်လန့်စေတယ်။ အစားကောင်းတွေ ကျွန်မ အများကြီး စားဖူးတယ်။ ဒါပေမဲ့ တစ်ဖက်လူက အစာကို အကုန်မစားဘဲ ထားခဲ့တတ်တယ်။ ဒါကြောင့် အစားကောင်းရဲ့အရသာကို ကျွန်မ မခံစားခဲ့ရဘူး။ အိမ်ကြီးအိမ်ကောင်းတွေကို ကျွန်မမြင်ဖူးတယ်။ တကယ်လို့ လစဉ် ပုံမှန်ဝင်ငွေရှိမယ်ဆိုရင် ဒီလိုအိမ်ကောင်းမျိုးနဲ့ ကျွန်မတို့လည်း နေနိုင်တယ်ဆိုတာ ကျွန်မ နားလည်တယ်။ သိပ်ချော သိပ်ခန့်တဲ့ ယောကျ်ားလေးတွေ ကျွန်မ အများကြီးကြုံခဲ့ဖူးတယ်။ ဒါပေမဲ့ နောင်၁၀ နှစ်မှာ သူတို့ ဒီလိုမချောနိုင်တော့သလို ကျွန်မလည်း အခုလို လှနိုင်မှာ မဟုတ်တော့ဘူး။ အဲဒီအချိန်ကျရင် အပြင်ပန်းကြည့်ပြီး တစ်ယောက်ကိုတစ်ယောက် ချစ်တာမျိုး၊ နှစ်သက်တာမျိုး ဖြစ်နိုင်တော့မလား"

ပြောစရာစကားမရှိအောင် ကျွန်မ ဆွံ့အ,သွားတယ်။

"ဒါကြောင့် ပတ်ဝန်းကျင် အဆောင်အယောင်တွေကြားမှာ မပြောင်းမလဲ

mgyoe.com

mgyoe.com SAMPLE BOOK
ဘဲ ရှိနိုင်တာတွေကမှ တကယ့် ရင်ထဲကလာတဲ့ ဂရုစိုက်မှု၊ စောင့်ရှောက်မှုတွေဖြစ်တယ်။ ခိုင်မြဲတဲ့ ပခုံးတစ်စုံလိုပေါ့။ ငြိမ်ငြိမ်လေး ကိုယ့်ဘေးမှာပဲ ရှိနေပြီး ကိုယ်နာကျင်တဲ့အခါ၊ ထိခိုက်ခံစားရတဲ့အခါ ကိုယ်ရှေ့မှာ မားမားမတ်မတ် ရပ်တည်ပြီး ပျော့ညံ့တဲ့ဘက်ကနေ ကြံ့ခိုင်တဲ့ဘက်ကို တွဲခေါ်ပေးတတ်တယ်"

အဲဒီစကားကို ခုထက်ထိ ကျွန်မ မှတ်မိနေသေးတယ်။ ခွဲခွာပြီး ခုနစ်နှစ်ရဲ့ ဒီနေ့မှာ သူ့ဘေးက သူနဲ့ လုံးဝမလိုက်ဖက်တဲ့၊ မချမ်းသာတဲ့၊ လူတွေထင်မှတ်မထားတဲ့ အမျိုးသားတစ်ယောက်က သူ့ဖူးစာရှင် ဖြစ်လာခဲ့တယ်။ ညစာစားနေတဲ့အခိုက် သိချင်တဲ့ မေးခွန်းပေါင်းများစွာက ကျွန်မရင်ထဲ စုပြုံ တိုးဝင်လို့လာတယ်။

ညစာအပြီးမှာ သူ့အမျိုးသားက သူ့လက်ကို ကိုင်ဆွဲပြီး တွဲခေါ် လိုက်တယ်။ ကြင်ကြင်နာနာနဲ့ လုံးဝ တွဲလက်မဖြုတ်ခဲ့ဖူးသလိုပါပဲ။ ကျွန်မရင်ထဲက မေးခွန်းတွေကို သူ မြင်သွားတယ် ထင်ပါရဲ့... ကျွန်မ နားနားတိုးတိုးလေးကပ်ပြီး "ကျွန်မတို့ ချစ်သူစဖြစ်တဲ့နေ့ကနေ အခုချိန်ထိ သူက အဲလိုပုံစံပဲ" လို့ ရှက်ပြုံးလေးနဲ့ ပြောတယ်။

ဒါကပဲ ကျွန်မသိချင်တဲ့ အဖြေဖြစ်မယ်လို့ ကျွန်မထင်တယ်။ မပြောင်းလဲတဲ့၊ ခိုင်မြဲတဲ့၊ ဒီလိုဂရုစိုက် ကြင်နာခြင်းတွေနဲ့ နွေးထွေးတဲ့လက်တစ်စုံက သက်ဆုံးထိတိုင် တွဲလက်မဖြုတ်တမ်း တွဲသွားမယ်ဆိုတာကို ကျွန်မ ယုံကြည်နေမိတယ်။

တစ်ယောက်လက်ကို တစ်ယောက်တွဲပြီး ထွက်သွားတဲ့ သူတို့နှစ်ယောက်ရဲ့ ရုပ်ပုံကို ကြည့်ပြီး အချစ်စစ်ဆိုတာ ဒါပဲဖြစ်ရမယ်လို့ ကျွန်မ ခံစားလိုက်မိပါတယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

# လင်းလက်တဲ့ ချစ်မီးအိမ်

မိဘနှစ်ပါးရဲ့ တစ်ဦးအပေါ် တစ်ဦး ထားတတ်ကြတဲ့ ချစ်ခြင်းမေတ္တာမျိုးကို ငယ်ငယ်လေးတည်းက သူ လေးစားအားကျခဲ့တယ်။ အဖေက သူတို့မြို့မှာ နာမည်ကြီး ပန်းချီဆရာတစ်ယောက်ဖြစ်ပြီး ပန်းချီပြပွဲတွေ အကြိမ်ပေါင်းများစွာ ကျင်းပခဲ့ဖူးသူ ဖြစ်တယ်။ အမေ့အပေါ် အသေးအဖွဲ့ကအစ ဂရုစိုက်တတ်တဲ့ အဖေရဲ့ ချစ်မြတ်နိုး မှုကို သူ နှိုင်းမပြတတ်ဘူး။ အဖေ့လို မြင့်မြတ်တဲ့ ယောကျ်ားတစ်ဦးရဲ့ ချစ်ခြင်းကို ပိုင်ဆိုင်ထားရလို့ အမေကို ကမ္ဘာပေါ်မှာ အပျော်ဆုံး အမျိုးသမီးလို့ သူ မကြာခဏ တွေးထင်မိတယ်။

ငယ်စဉ်ကတည်းက ပန်းချီပညာ အတူဆည်းပူးခဲ့တဲ့ အဖေနဲ့ အမေဟာ အမြဲတမ်း နှစ်ယောက်အတူ ပန်းချီဆွဲလေ့ရှိတယ်။ ပန်းချီဆွဲတဲ့အချိန် သူတို့မှာ တူညီတဲ့ အကျင့်တစ်ခုရှိတယ်။ အဲဒါက ပန်းချီစဆွဲတဲ့အချိန် အဖေက ကင်းဘတ်စပေါ်မှာ ခဲရောင်ဖျော့လေးနဲ့ အရစ်အကြောင်းတွေ အရင် ရေးဆွဲတတ်တယ်။ ပြီးမှအမေက အဖေဆွဲထားတဲ့ ပန်းချီကားပေါ် ဆေးရောင်စုံတွေ ခြယ်မှုန်းတတ်တယ်။ နောက်ဆုံးမှာ ပန်းချီကားက သူတို့နှစ်ယောက်ရဲ့ ချစ်ခြင်းတွေ ရောစပ်ဖွဲ့သီထားသလိုပဲ ဆေးရောင်စုံတွေနဲ့ သက်ဝင်လှပနေတတ်တယ်။

သူ တဖြည်းဖြည်း အရွယ်ရောက်လာခဲ့တယ်။ ဘဝလက်တွဲဖော် ရှာပြီး နောက်ဆုံးမှာ သူ အိမ်ထောင်ပြုလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

အိမ်ထောင်ပြုပြီးမှ ခင်ပွန်းသည်နဲ့ သူ့ဘဝနေထိုင်မှုတွေ လုံးဝခြားနားကြောင်း သူ သိရတယ်။ ခင်ပွန်းနဲ့သူဟာ အကြိုက်မတူသလို အလုပ်ကိုယ်စီနဲ့ နှစ်ယောက်အတူ နေချိန်လည်း နည်းခဲ့တယ်။ ဗလာအပြည့် တင်ဆောင်ထားတဲ့ ရထားတစ်စီး သူ့ဘဝထဲ ခေါက်တုံ့ခေါက်ပြန် မောင်းနှင်နေသလိုပဲ။ အရင်က ချစ်ခဲ့ဖူးတဲ့ အချစ်တွေဟာ စက္ကန့်ပိုင်းလေးပဲ လင်းလက်ပြီးနောက် မည်းညစ်ညစ် မီးခိုးခေါင်းတိုင်ထဲ ကျပျောက်သွားခဲ့သလို အစအန လုံးဝ သူ ရှာမရခဲ့ဘူး။

အိမ်ထောင်သက် နှစ်နှစ်အကြာမှာ ခင်ပွန်းရဲ့အလုပ်တချို့ အခက်အခဲကြုံတယ်။ စိတ်ပျက်အားငယ်နေတဲ့ ခင်ပွန်းကို မနှစ်သိမ့်တဲ့အပြင် သူ့ကိုယ်သူ အမေနဲ့ နှိုင်းကြည့်ပြီး သူဟာ အိမ်ထောင်ရေးပျော်ရွှင်မှုတွေ မရခဲ့သူအဖြစ် သတ်မှတ်မိတယ်။ စိတ်သဘောထားချင်း တိုက်ဆိုင်တဲ့ အိမ်ထောင်ဖက်ကို မရခဲ့တဲ့ အပြင် ယောကျ်ားဖြစ်သူရဲ့ အသုံးမကျမှုကိုလည်း ခံရပြန်တယ်လို့ သူ ထင်တယ်။

ခင်ပွန်းဖြစ်သူနဲ့ စကားများ ငြင်းခုံပြီးနောက် မိဘအိမ်ကို သူ ပြန်ခဲ့တယ်။ အဲဒီအချိန်က အမေဆုံးတာ တစ်နှစ်ကျော်နေပြီဖြစ်တယ်။ ခင်ပွန်းနဲ့ ဖြစ်ပျက်ခဲ့သမျှ အကြောင်းအားလုံး အဖေကို သူ ပြောပြတယ်။ အဖေ့လို ချစ်ခြင်းမျိုးတွေ သူ ဘာလို့ မပိုင်ဆိုင်နိုင်သလဲလို့ အဖေ့ကို အားတုံ့အားနာ သူ မေးမိတယ်။

အိုမင်းနေပြီဖြစ်တဲ့ အဖေက သူ့အမေးကို ချက်ချင်းမဖြေဘဲ သူ့ရှေ့မှာ ပန်းချီကားတစ်ချပ်ဆွဲဖို့ ပြင်ဆင်တယ်။ အမေဆုံးပြီးကတည်းက ပန်းချီလုံးဝမဆွဲတော့တဲ့ အဖေရဲ့ အပြုအမူကို သူ အံ့ဩသွားတယ်။

၁၀ မိနစ်အကြာမှာ အဖေက ဆွဲထားတဲ့ ပန်းချီကားကို ပြတယ်။ ပန်းချီက ဆေးရောင်တစ်မျိုးနဲ့ပဲ ဆွဲထားတဲ့ ပန်းချီဖြစ်တယ်။ ပန်းချီကားတစ်ချပ်လုံးကို ရင့်တန်ရင့်၊ ဖျော့တန်ဖျော့နဲ့ တည်ငြိမ်တဲ့ အပြာရောင်ကို သုံးပြီး ခြယ်မှုန်းထားတယ်။ ပန်းချီကားရဲ့ အလယ်တစ်နေရာမှာ ပင်လယ်နက်ထဲကျက်စားတဲ့ ငါးတစ်ကောင်ကို ဆွဲထားပြီး ငါးဦးခေါင်းမှာ အပြာရောင်အလင်းလေး လင်းနေတဲ့ မီးအိမ်လေးတစ်လုံး ပါတယ်။

အဖေက သူ့ဘဝတစ်လျှောက်လုံး အရောင်တစ်မျိုးနဲ့ပဲ ပန်းချီဆွဲခဲ့ကြောင်း သူ့ကို ပြောပြတယ်။

တကယ်တော့ အဖေဟာ ငယ်ရွယ်စဉ်ကတည်းက အရောင်ကန်းဝေဒနာကို ခံစားခဲ့ရပြီး သူ့အမြင်မှာ ရှိရှိသမျှ အရာအားလုံးကို အရောင်တစ်ရောင်တည်းပဲ မြင်ခဲ့တယ်။ ငယ်ငယ်လေးကတည်းက အဖေနဲ့အတူ ပန်းချီဆွဲသင်ခဲ့တဲ့ အမေက

mgyoe.com

mgyoe.com SAMPLE BOOK

ဒီ့အတွက်နဲ့ အဖေ့ကို ပန်းချီဆွဲတဲ့အတတ် လက်မလွှတ်စေခဲ့ဘူး။ အဖေဆွဲပြီးတဲ့ အရောင်တစ်ရောင် ပန်းချီကားချပ်ပေါ်မှာ အမေက အရောင်တွေ ထပ်ခြယ်မှုန်းခဲ့တယ်။ လှပတဲ့ရောင်စုံ၊ ပြောင်မြောက်တဲ့လက်ရာနဲ့ အဖေ့ကို နာမည်ကြီး ပန်းချီဆရာတစ်ယောက် ဖြစ်အောင် စွမ်းဆောင်ခဲ့တယ်။

"ဒါကြောင့် ဘဝတစ်လျှောက်လုံး တကယ့်ပျော်ခဲ့သူက သမီးအမေ မဟုတ်ဘူး။ သမီးအမေရဲ့ အနာခံအချစ်တွေနဲ့ တကယ်ပျော်ရွှင်ခဲ့သူက အဖေပါ"

အဖေက ပန်းချီကားကို သူ့လက်ထဲထည့်ပေးပြီး ခင်ပွန်းဆီပြန်ဖို့ ပြောတယ်။ အဲဒီအချိန်ကစပြီး ဧည့်ခန်းမှာ ချိတ်ဆွဲထားတဲ့ ပန်းချီကားကို ကြည့်ရင်း အဖေ ပြောခဲ့ဖူးတဲ့ ပင်လယ်နက်ထဲက ငါးတစ်မျိုးအကြောင်းကို သူ အမှတ်ရနေတတ်တယ်။

ကမ္ဘာပေါ်မှာ အနက်ဆုံးဖြစ်တဲ့ မာရီယာနာ ကတုတ်ကျင်း (Mariana Trench) ရဲ့ အနက်ရှိုင်းဆုံးနေရာမှာရှိတဲ့ ပင်လယ်ရေက အရမ်းအေးတယ်။ အေးလွန်းလို့ ဘယ်ရေသတ္တဝါမှ မရှင်သန်နိုင်ဘူး။ ဒါပေမဲ့ အဲဒီလို ရေနက်နေရာမှာ Monkfish လို့ခေါ်တဲ့ ငါးတစ်မျိုးက ပျော်ပျော်ကြီး ကျင်လည်ကျက်စားပြီး မျိုးပွားတယ်။ Monkfish တွေဟာ ကြီးထွားလာလေ ရှေ့ကလမ်းကိုတောင် မမြင်ရအောင် ကန်းလေဖြစ်တယ်။ ဒါပေမယ့် သူတို့ကိုယ်ထဲ အချစ်တွေဖြစ်ပွားလာတာနဲ့ သူတို့ရဲ့ ဦးခေါင်းထိပ်မှာရှိတဲ့ မီးအိမ်ဟာ လင်းလာတတ်တယ်။ အဲဒီမီးရောင်နဲ့ လမ်းတွေကို သူတို့တွေ့မြင်ရပြီး ပင်လယ်နက်ထဲမှာ ပျော်ပျော်ကြီး ရှင်သန်နိုင်ကြတယ်။

တကယ်တော့ အချစ်ဆိုတာ ကိုယ်ချစ်တဲ့သူအတွက် အမှောင်ထဲမှာ လင်းလက်တောက်ပတဲ့ မီးအိမ်ငယ်လေးတစ်လုံးဆိုတာကို နောက်ဆုံးမှာ သူ သဘောပေါက် နားလည်သွားတယ်။

♦♦♦

mgyoe.com

mgyoe.com SAMPLE BOOK

# ငှက်နဲ့ ငါးတို့ရဲ့ အချစ်

ဟိုးရှေးရှေးတုန်းက ငါးတစ်ကောင်နဲ့ ငှက်တစ်ကောင်တို့ ချစ်ကြိုက်ကြတယ်။ ဒါပေမယ့် ဘုရားသခင်က သူတို့ကို "ထာဝရချစ်သူ မဖြစ်နိုင်ဘူး၊ သူငယ်ချင်းတောင် လုပ်ဖို့ မသင့်ဘူး" လို့ ပြောတယ်။ ဘယ်လောက်ပဲချစ်ချစ်၊ ဘယ်လိုပဲချစ်ချစ် ဒီတစ်သက်မှာ သူတို့နှစ်ယောက် အတူပေါင်းဖို့ဆိုတာ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး။

ပင်လယ်ရေနဲ့ ဝန်းရံခံထားရတာကို ငါး မနှစ်သက်ဘူး။ ကောင်းကင်အမြင့်ပေါ် လွတ်လွတ်လပ်လပ် နေရတဲ့ ခံစားမှုမျိုးကို သူ တောင့်တတယ်။

ကျယ်ပြန့်တဲ့ ကောင်းကင်မှာ ပျံဝဲရတာကို ငှက်က မကြိုက်ဘူး။ ရေထဲ လမ်းလျှောက်ပြီး ပင်လယ်ရေစွတ်စိုတာကို သူ လိုချင်ခဲ့တယ်။

ငါးက ကြိုးစားပြီး ရေပေါ် ခုန်တက်တယ်။ သူ တောင့်တတဲ့ ကောင်းကင်ပြာထက်ကို ခုန်တက်တယ်။ ငှက်က ပင်လယ်ထဲ အရှိန်နဲ့ထိုးဆင်းတယ်။ ရေနဲ့ ပိုရင်းနှီးတဲ့ ခံစားမှုမျိုးရအောင် ထိုးဆင်းတယ်။ ငါးက တစ်ကြိမ်ပြီး တစ်ကြိမ် ခုန်တယ်။ ဒါပေမယ့် ရေပေါ် ရောက်တာနဲ့ ပြန်ပြုတ်ကျတယ်။ တစ်ခါက ကမ်းပေါ် ပြုတ်ကျလို့ ဒီရေကြောင့် ပင်လယ်ထဲ သူ ပြန်ရောက်သွားတယ်။

ငှက်က ရေနဲ့နီးအောင် အကြိမ်ကြိမ် ကြိုးစားတယ်။ ဒါပေမဲ့ ငှက်မွေးတွေက ရေထိတာနဲ့ စိုတယ်။ သူငယ်ချင်းရဲ့ အကူအညီကြောင့် အန္တရာယ်က သူ

mgyoe.com

mgyoe.com SAMPLE BOOK

လွတ်ခဲ့တာလည်း အကြိမ်မနည်းဘူး။

ငါး လက်မလွှတ်ခဲ့ဘူး။ ကောင်းကင်က သူ့ကို လက်ပြ ညှို့ငင်နေတယ်လို့ သူ ထင်တယ်။

ငှက်လည်း လက်မလွှတ်ခဲ့ဘူး။ ပင်လယ်ကမှ သူ့နားခိုရာလို့ ထင်တယ်။ ဒီလိုနဲ့ နီးစပ်ဖို့ သူတို့ မပြတ်ကြိုးစားခဲ့တယ်။ ဒါပေမယ့် သူတို့က နီးစပ်ဖို့ ကြိုးစားလေ၊ သေဆုံးဖို့ နီးလေဖြစ်ခဲ့တယ်။

ငါးက ငှက်ကိုပြောတယ်... "ကောင်းကင်ဟာ နင့်အတွက်ပါ။ ကောင်းကင်ပေါ်မှာပဲ နင် ပျံဝဲသင့်တယ်"

ငှက်က ငါးကိုပြောတယ်... "ပင်လယ်ဟာ နင့်အတွက်ပါ။ ပင်လယ်ထဲမှာပဲ နင် ကူးခတ်သင့်တယ်"

"တကယ်လို့ ငှက်နဲ့ ငါး ချစ်လို့ရတယ်ဆိုရင် ငါတို့ရဲ့ အသိုက်ကို ဘယ်မှာ လုပ်မလဲ"

ငါးက မျက်ရည်အဝဲသားနဲ့ ပြောတော့ ငှက်က ... "အင်း... နင့်ကို ငါ အဖြေပေးမယ်" ဆိုပြီး နောက်ဆုံးအကြိမ်အဖြစ် ကောင်းကင်အမြင့်ပေါ် ပျံတက်သွားလိုက်တယ်။

အဲဒီနောက် ပင်လယ်ပြင်ထဲ ထိုးဆင်းလိုက်တယ်။ သြော်... ငါးရှိရာဆီ ထိုးဆင်းသွားတယ်ဆိုရင် ပိုမှန်လိမ့်မယ်။ အဲဒီ တစ်ခဏ ငါးက ပင်လယ်ထက်ဆီ အရှိန်နဲ့ ခုန်တက်လိုက်တယ်။ သြော်... ငှက်ကို ကြိုဖို့ဆိုရင် ပိုမှန်လိမ့်မယ်။ ငှက်နဲ့ငါး တစ်ယောက်ကိုတစ်ယောက် ပွေ့ဖက်မိတဲ့ တခဏ အရာအားလုံး ရပ်တန့်သွားတယ်။ ဒီအဖြစ်အပျက်က ဘယ်နှစ်ရာစုက ဖြစ်ပျက်ခဲ့မှန်း လူတွေ မသိကြဘူး။

ပြတိုက်တစ်ခုမှာ ငှက်နဲ့ ငါး ပွေ့ဖက်နေတဲ့ ရုပ်ကြွင်းကို ချစ်သူနှစ်ဦး ရပ်ကြည့်နေတယ်။

ဒီလို ရှုံးသွပ်တဲ့အချစ်က ငှက်နဲ့ ငါးကို နာကျင်စေခဲ့တယ်။ ဒါပေမယ့် ဒီလိုနာကျင်မှုထဲမှာ ပျော်ရွှင်ခြင်း တစိတ်တဒေသပါတယ်။

တကယ်လည်း သူတို့ပျော်ရွှင်ခဲ့ပါတယ်။ လူအများရဲ့ရင်ထဲမှာ သူတို့ဟာ သိပ်ချစ်ကြသူအဖြစ် ထင်ကျန်ခဲ့လို့ပါပဲ။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# လွင့်ပါးသွားတဲ့ အချစ်

ချစ်နေချိန်မှာ အချစ်က စိတ်ကူးယဉ်ဆန်တယ်။ ဖမ်းဆုပ်လို့ မရဘူး။

ရယူပြီးချိန်မှာ အချစ်က လှပချိုမြိန်တယ်။

လွမ်းဆွေးချိန်မှာ အချစ်က ခါးသက်တယ်။

အသည်းကွဲချိန်မှာ အချစ်က ခိုကိုးရာမဲ့ လဲပြိုလို့။

"ဘာဖြစ်လို့ ကျွန်တော့်ကို စွန့်လွှတ်လိုက်တာလဲ" အေးစက်စက်မြေပြင်ပေါ် လဲကျရင်း အချစ်က မေးတယ်။

"ဝါသနာနဲ့ ရည်မှန်းချက်ကိုပဲ လိုချင်ခဲ့တာပါ" လို့ ကိုယ်ဖြေတယ်။

"ကျွန်တော့်ကို ကောက်ယူပါ။ ကျွန်တော် ဘယ်လောက် တန်ဖိုးရှိတယ်ဆိုတာ နောက်တော့ ခင်ဗျားသိမှာပါ" အချစ်က ခဲယယ တောင်းဆိုတယ်။

"ဟို..."

အချစ်ရဲ့ ခယတောင်းဆိုမှုမှာ ကိုယ် တွေဝေနေမိတယ်။ ပြောစရာစကားလုံး ကိုယ် ရှာမတွေ့ဘူး။ ကိုယ့်အတွေးထဲမှာ အချစ်က ဒြပ်မဲ့ပစ္စည်း... မမြင်နိုင်ဘူး၊ ဆုပ်ကိုင်လို့ မရဘူး။ ဒါကြောင့် အချစ်နဲ့ ရည်မှန်းချက်ကြားမှာ ရည်မှန်းချက်ကို ရွေးဖို့ ကိုယ် ဆုံးဖြတ်လိုက်တယ်။

ဒါပေမယ့် မျက်ရည်နဲ့ ပြည့်နေတဲ့ အချစ်ကို မကြည့်ရက်ခဲ့လို့ ခါးချိုးဦးညွတ်ပြီး အချစ်ကို ကိုယ် ကောက်ယူလိုက်မိပြန်တယ်။ ဒီတစ်ကြိမ်မှာတော့

mgyoe.com

mgyoe.com SAMPLE BOOK

အချစ်က ကိုယ့်လက်ဖဝါးထဲမှာ တလက်လက်တောက်ပပြီး နွေးထွေးတဲ့ရောင်ခြည်တွေ ယှက်ဖြာနေတဲ့ ပုလဲတစ်လုံးလို့ ကိုယ် ခံစားမိတယ်။

ဒါပေမယ့်…

"ကိုယ့်ရွေးချယ်မှုကို နားလည်ပေးပါ။ အခုအချိန်မှာ အချစ်က ရည်မှန်းချက်လောက် အရေးမကြီးဘူးလို့ ကိုယ် ထင်တယ်"

နောက်ဆုံး အချစ်ကို ကိုယ် တီးတိုးတောင်းပန်ရင်း လွှတ်ချဖို့ပြင်တယ်။

"မလုပ်ပါနဲ့… ကျွန်တော့်ကို လွှတ်မချပါနဲ့ … ကျွန်တော့်ကို ပေါင်နှံပြီး အလိုရှိတဲ့ ပစ္စည်းနဲ့ လဲယူပါ။ တစ်နေ့ ကျွန်တော့်ကို သတိရတဲ့အချိန် ကျွန်တော်ကို ပြန်လာဝယ်ပါ"

အချစ်ကို လက်ဖဝါးထဲထည့်ပြီး အချစ်အပေါင်ဆိုင်ဆီ ကိုယ် ရောက်ခဲ့တယ်။ အပေါင်ဆိုင်ပိုင်ရှင်က ခေါင်းမဖော်ဘဲ မေးတယ်။

"ဘာနဲ့ လဲမလဲ"

"ရည်မှန်းချက်နဲ့ လွတ်လပ်မှု" စိတ်ထင့်ထင့်နဲ့ ကိုယ်ဖြေတယ်။

"အချစ်ကိုထားပြီး သွားနိုင်ပါပြီ"

ကိုယ့်အချစ်ကို အိတ်တစ်အိတ်ထဲထည့်ပြီး အိတ်ပေါ်မှာ အမှတ်တစ်ခုကပ်လိုက်တာကို ကိုယ်လှမ်းမြင်လိုက်တယ်။ အမှတ်ပေါ်မှာက "၁၉၉၈ ခုနှစ် ဇွန်လ အချစ်" တဲ့…

"ရည်မှန်းချက်နဲ့ လွတ်လပ်မှု"ကို ပိုက်ပြီး အပေါင်ဆိုင်က ကိုယ် အပြေးထွက်ခဲ့တယ်။

နောက်ဆုံး အချစ်ရဲ့ချုပ်နှောင်မှု ကင်းလို့ ကိုယ် လွတ်လပ်သွားတယ်။ ရည်မှန်းချက် ကောင်းကင်အောက်မှာ ကိုယ် လွတ်လွတ်လပ်လပ် ဝဲပျံနိုင်ခဲ့တယ်။ ဒါပေမယ့် ကာလတစ်ခုအရောက်မှာ "အထီးကျန်ခြင်း"ဆိုသူတစ်ယောက်က ကိုယ်သတိမထားမိချိန် ကိုယ့်အနား ရောက်လာတယ်။ သူ့ကို ကိုယ်ဘယ်လိုမှ ငြင်းပယ်၊ မောင်းထုတ်လို့ မရခဲ့ဘူး။ ဒီလို အချိန်ခါမျိုးမှာ အချစ်ကို ကိုယ် ပြန်သတိရမိတယ်။ လှပတဲ့ ရောင်ခြည်တွေ ယှက်သန်းထားတဲ့ အချစ်ကို ကိုယ် လွမ်းဆွတ်မိပြန်တယ်။ အချစ်အပေါင်ဆိုင်ထဲ ကိုယ် တစ်ခေါက်ရောက်ခဲ့ပြန်တယ်။ အပေါင်ဆိုင်ထဲမှာ အိတ်ကြီးအိတ်သေးတွေ အပြည့်ချိတ်လို့။ အပေါင်ဆိုင်ပိုင်ရှင်ကြီးက ခေါင်းမဖော်နိုင်အောင် အလုပ်တွေ ရှုပ်နေတယ်။

"၁၉၉၈ ခုနှစ် ဇွန်လ အချစ်ကို ပြန်ဝယ်ချင်လို့ပါ"

mgyoe.com

mgyoe.com

"ဘာနဲ့ ဝယ်မလဲ"

ရင့်ရော်တဲ့ အသံနဲ့ အပေါင်ဆိုင်ပိုင်ရှင်က ကိုယ့်ကို အေးစက်စက်မေးတယ်။

"ကိုယ်ရဲ့ အခုလက်ရှိနဲ့ အနာဂတ်အရာအားလုံး ... ပြီးတော့ အသည်းနှလုံးတစ်စုံနဲ့ ပြန်ဝယ်မှာပါ" တွေဝေမှုကင်းတဲ့ အသံနဲ့ ကိုယ် ပြန်ဖြေတယ်။

တုန်ယင်နေတဲ့လက်နဲ့ အိတ်ကို ကိုယ်ဖွင့်ကြည့်လိုက်တယ်။ အိတ်ထဲအချစ်က အရင်အတိုင်း လှပကြွရွနေတာကို တွေ့တယ်။ အချစ်ကို တယုတယ ကိုင်တွယ်ရင်း အပေါင်ဆိုင်က ကိုယ် လှည့်ထွက်လာခဲ့တယ်။

အရင်က တန်ဖိုးထားရကောင်းမှန်း ကိုယ် မသိခဲ့လို့ ဖြစ်လိမ့်မယ်။ ဒီတစ်ကြိမ်မှာတော့ လက်ထဲကအချစ် လွတ်မကျအောင် ကိုယ် ဂရုတစိုက်ရှိနေတယ်။ အချစ်ကို ဂရုစိုက်နေလို့ ရှေ့ကလမ်းကို ကိုယ် သေချာမကြည့်မိဘူး။ လေပြင်းတိုက်နေတဲ့ ရာသီဥတုအခြေအနေကိုလည်း သတိမရဘူး။ ကိုယ် သတိတစ်ချက်အလွတ်မှာ ဒီနှစ်ရာသီရဲ့ နံပါတ်သုံးခုမြောက် 'အမှန်တရား' ဆိုတဲ့ လေပြင်းက ကိုယ့်လက်ထဲက အချစ်ကို လွတ်ကျအောင် တိုက်ခိုက်သွားတယ်။

ကိုယ့်လက်ထဲကအချစ် ပြုတ်ကျပြီး သဲတွေဖြစ်သွားတာကို ကိုယ်မျက်ဝါးထင်ထင် တွေ့မြင်နေရတယ်။

"ဟင့်အင်း... ဒါ ငါ့အချစ်မဟုတ်ဘူး။ ငါ့အချစ်က ပုလဲတွေ"

အရူးတစ်ယောက်လို ကိုယ် အော်ဟစ်မိတယ်။ အချစ်က ဘာဖြစ်လို့အမှန်တရားဆိုတဲ့ လေပြင်းဒဏ်ကို မခံနိုင်မှန်း ကိုယ် နားမလည်ခဲ့ဘူး။

"အချစ်ဆိုတာ ပင်လယ်ထဲက သဲတွေပါပဲ။ ကိုယ့်စိတ်နဲ့ တယုတယ ဂရုစိုက်ရတယ်။ လွမ်းဆွတ်ခြင်းမျက်ရည်တွေနဲ့ စွတ်စိုစေမှ သူဟာ ကိုယ့်နှလုံးသားထဲအနယ်ထိုင်ပြီး ပုလဲဖြစ်သွားတာ"

'အချိန်' လို့ခေါ်တဲ့ အဘိုးအိုက မလှမ်းမကမ်းကနေ ကိုယ့်ကို လှမ်းပြောတယ်။

"အချစ်ကို ခင်ဗျား ခွဲထားတာကြာခဲ့လို့ ခင်ဗျားရဲ့ အချစ်က အရင်လို ပုလဲ မဟုတ်တော့ဘူး။ ဒါကြောင့် လေပြင်းရဲ့ဒဏ်ကို သူ မခံနိုင်တော့ဘဲ သဲအဖြစ်လွင့်သွားခဲ့ရပြီ"

လက်ထဲက သဲတွေကို တင်းတင်းဆုပ်ကိုင်ရင်း ကိုယ့်ရင်တွေ တဆစ်ဆစ်နာကျင်နေမိတယ်။ အရင်က တန်ဖိုးထားရကောင်းမှန်း မသိခဲ့ဘဲ ခုမှ အဖိုးတန်မှန်း

mgyoe.com

mgyoe.com
SAMPLE BOOK


သိတဲ့ အချစ်ကို ကိုယ် တင်းတင်းကျပ်ကျပ် ပွေ့ဖက်ထားချင်မိတယ်။ ဒါပေမဲ့ သဲတွေက ကိုယ်လက်ညှိုးကြားကနေ စီးကျသွားကုန်တယ်။ အချစ်က သဲမှုန်အဖြစ် ကိုယ့်အနား လွတ်ကျ ပျောက်ကွယ်သွားခဲ့တယ်။

◆◆◆

mgyoe.com

mgyoe.com SAMPLE BOOK

## ခံစားမှုဘဏ်ထဲ ဘာတွေစုဆောင်းမလဲ

### ဇနီးရဲ့ ခံစားမှုဘဏ်တိုက်ထဲ သင် ဘာတွေ စုဆောင်းသင့်လဲ

(၁) မနက်ခင်းမှာ နွေးထွေးတဲ့ ပွေ့ဖက်မှုတစ်ခုပေးပါ။
(၂) သူ့အစား ကော်ဖီ၊ လက်ဖက်ရည် ဖျော်ပါ။
(၃) သူ့ကို အိပ်ရာခင်းတွေ ခေါက်ကူပါ။
(၄) ညအချိန်မှာ အမှိုက်သိမ်းကူ သွန်ကူပါ။
(၅) ကလေးကို ကျောင်းပို့ပါ။
(၆) သူ့မိဘကို ကောင်းကောင်းမွန်မွန် ဆက်ဆံပါ။
(၇) အကျီကူခေါက်ပါ။
(၈) မွေးနေ့လက်ဆောင်ပေးပါ။
(၉) အိမ်စရိတ် ကူညီထောက်ပံ့ပါ။
(၁၀) ဂရုစိုက်၊ နွေးထွေးတဲ့ စကားတွေ ပြောပါ။

❑

### ခင်ပွန်းရဲ့ ခံစားမှုဘဏ်တိုက်ထဲ သင် ဘာတွေ စုဆောင်းသင့်လဲ

(၁) အလုပ်ကပြန်လာတဲ့ သူ့ကိုကြိုပါ။
(၂) သူ့အလုပ်အကိုင်ကို ဂရုပြု စောင့်ရှောက်ပါ။
(၃) ညစာကို စားချင်စဖွယ် ပြင်ဆင်ပါ။

mgyoe.com

(၄) သူ့စိတ်လိုအင်ကို ဖြည့်ပါ။
(၅) မင်္ဂလာနှစ်ပတ်လည်မှာ သူ အံ့ဩပျော်ရွှင်အောင် လက်ဆောင်ပေးပါ။
(၆) သူ့လုပ်ရည်ကိုင်ရည်၊ သူ့အကျင့်စရိုက်ကို လေးစားတန်ဖိုးထားပါ။
(၇) အခြေအနေ၊ အချိန်အခါကို ကြည့်ပြီးမှ ပြဿနာကို ဆွေးနွေးတင်ပြပါ။
(၈) သူနှစ်သက်တဲ့ ဘောလုံးပွဲကို ကြည့်ပါစေ။
(၉) ကိုယ့်ကိုယ်ကိုယ် အမြဲ လှပသန့်ရှင်းအောင် ပြင်ဆင်ပါ။
(၁၀) သူ့မိဘကို ပြုစုစောင့်ရှောက်ပါ။

□

## ချစ်သူရဲ့ ခံစားမှုဘဏ်တိုက်ထဲ သင် ဘာတွေ စုဆောင်းသင့်လဲ

(၁) သူ ပြောတာ၊ လုပ်တာကို ယုံကြည်ပါ။
(၂) သူ့ကို အလေးထား ဂရုစိုက်ပါ။
(၃) ခွင့်လွှတ်နားလည်မှုတွေ ပေးပါ။
(၄) သူနှစ်သက်တဲ့အလုပ်၊ ပွဲတွေမှာ ပါဝင်ပါ။
(၅) သူ ပြောချင်တာကို နားထောင်ပေးပါ။
(၆) နေ့တိုင်း ချစ်သူများနေ့လို ချိုချိုမြိန်မြိန် ဖြတ်သန်းပါ။
(၇) ချစ်တယ်ဆိုတဲ့ စကားကို ပါးစပ်ဖျားမှာ ချိတ်ထားစရာ မလိုပေမယ့် ရင်ထဲမှာ အမြဲ ထည့်ထားပါ။
(၈) စိတ်ကြည်နူးစေတဲ့ လက်ဆောင်လေးတွေ တစ်ခါတရံ ပေးပါ။
(၉) သူ့အလုပ်ကို ကူလုပ်မပေးခင် ကြည်နူးနှစ်သက်တဲ့ စကားအကောင်းကို ပြောပါ။
(၁၀) သူ့ကောင်းကွက်ကို ပိုမြင်ပြီး ဆိုးကွက်ကို လျှော့ကြည့်ပါ။

□

## သူငယ်ချင်းရဲ့ ခံစားမှုဘဏ်တိုက်ထဲ သင် ဘာတွေ စုဆောင်းသင့်လဲ

(၁) သူ ရင်ဖွင့်တဲ့စကားကို နားထောင်ပေးပါ။
(၂) သူ လုပ်ချင်တဲ့အလုပ်ကို ထောက်ခံအားပေးပါ။
(၃) သူ အခက်ခဲကြုံချိန် ကူညီပါ။
(၄) သူ အမှားလုပ်မိချိန် လမ်းပြ ညွှန်ကြားပါ။
(၅) သူ ဝမ်းနည်းထိခိုက်ချိန် ဖေးမ အဖော်ပြုပါ။
(၆) သတိရချိန်မှာ ဖုန်းဆက်ပြီး သူ့ကို ကိုယ်သတိရကြောင်း ပြောပါ။

mgyoe.com

(၇) မကြာမကြာ သူ့အခြေအနေ (အဆင်ပြေ မပြေ) ကို ဂရုစိုက်ပါ။
(၈) စိတ်နှလုံးချင်း ဖလှယ်ပါ။
(၉) ကိုယ့်စီမှာရှိတဲ့ ပျော်စရာ၊ ကောင်းတဲ့ ပစ္စည်းတွေ သူ့အတွက် တစ်ပုံ အမြဲ ရှိပါစေ။
(၁၀) ကိုယ့်ခံစားချက်ကို သူနဲ့အတူ မျှဝေပါ။

လူ့ဘဝက ရှုတ်ထွေးပွေလီလှတယ်။ တစ်ခါတရံမှာ ထိန်းချုပ်မှုတွေ ကင်းလွတ်ပြီး ကိုယ့်ချစ်သူ၊ ကိုယ့်ကြင်ဖော်၊ ကိုယ့်သူငယ်ချင်းတွေကို ထိခိုက်နာကျင်တဲ့ စကားတွေ ပြောဆိုမိတတ်တယ်။ ခံစားမှုဘဏ်တိုက် အကောင့်လေး ပျက်စီးမသွားအောင် အကောင်းဆုံးနည်းက... ကောင်းတဲ့စကား၊ ကြည်နူးတဲ့စကား၊ ပြုစုယုယမှုတွေ၊ ဂရုစိုက်စောင့်ရှောက်မှုတွေ ပုံမှန် စုဆောင်းတာပဲ ဖြစ်ပါတယ်။

♦ ♦ ♦

mgyoe.com

mgyoe.com SAMPLE BOOK

# မတူ ထူးတဲ့ချစ်နည်း

(၁)

နင့်ကို ငါ ပြောတယ်။ "ငါ ဒီနေ့ လေ့ကားပေါ် တံမြက်စည်းလှည်းတာ... ပြုတ်ကျခါနီးလေးပဲ"

"အိုး... သတိထားမှပေါ့ မိန်းမရယ်" လို့ နင့်ဆီက နှစ်သိမ့်တာကို ငါ မျှော်လင့်ခဲ့ပေမယ့် "နင် ဖြည်းဖြည်း မလှည်းတတ်ဘူးလား"ဆိုတဲ့ အဖြေကိုပဲ ငါ ရလိုက်တယ်။ ငါ ဝမ်းနည်းမိတယ်၊ ငါ့ကို နင်မချစ်ဘူး။ ဂရုမစိုက်ဘူး။

နောက်တော့ လှေကားက ခါတိုင်းထက် သန့်ရှင်းနေတာကို ငါ သတိထားမိတယ်။ ငါ လှည်းစရာ မလိုအောင် သန့်ရှင်းလွန်းတယ်။ နောက်မှ သိရတာက အလုပ်မသွားခင် ငါးမိနစ်အချိန်ပေးပြီး ငါ့ကိုယ်စား နင် လှည်းလိုက်တယ်။ တကယ်တော့ ငါ့ကို နင်ဂရုစိုက်တယ်၊ ချစ်တယ်၊ ဒါက တခြားလူတွေနဲ့ မတူတဲ့ နင့်ချစ်နည်းပေါ့။

❑

(၂)

နင့်ကို ငါပြောတယ် "လမ်းမှာ ကားပျက်သွားလို့ ကားမှတ်တိုင်ရောက်ဖို့ နာရီဝက်ကြာ ငါ လမ်းလျှောက်လိုက်ရတယ်"

"တက္ကစီစီးပြီး ပြန်ခဲ့ရောပေါ့... ပင်ပန်းနေပြီလား"ဆိုတဲ့ ဂရုစိုက်သံကို

mgyoe.com

နင့်ဆီက ကြားချင်ပေမယ့် "သိပ်မှ မဝေးတာ... လျှောက်ပေါ့။ ဝိတ်လျှော့တာနဲ့ တူတူပဲ" လို့ နင်ပြောတယ်။ ငါ့ကို နင်မချစ်ဘူး၊ ဂရုမစိုက်ဘူးဆိုပြီး ငါ စိတ်တိုခဲ့တယ်။ နောက်တစ်နေ့မနက် စားပွဲပေါ်မှာ နင့်ကားသော့ကို ငါ တွေ့လိုက်တယ်။ ငါ့အတွက် မနက်စာကို နင် ပြင်ဆင်ခဲ့သေးတယ်။ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်၊ ချစ်တယ်၊ ဒါက တခြားလူတွေနဲ့ မတူတဲ့ နင့်ချစ်နည်းပေါ့။

❑

(၃)

နင့်ကို ငါ ပြောတယ် "ဟင်းကြော်တာ နည်းနည်း တူးသွားတယ်၊ နင် သည်းခံပြီး စားပေးနော်"

"အင်း... ကိစ္စမရှိဘူး။ နင် ဘယ်လိုချက်ချက် ငါ ကြိုက်တယ်" ဆိုတဲ့ ကြင်နာသံကို နင့်ဆီက ကြားချင်ပေမယ့် "ကြည့်ရုံနဲ့ မစားချင်တော့ဘူး။ စားချင်စိတ်လည်း မရှိတော့ဘူး"လို့ နင် ပြောတယ်။ ငါ့ကို နင် နားမလည်ဘူး၊ ဂရုမစိုက်ဘူးဆိုပြီး ငါ ဝမ်းနည်းမိတယ်။

နောက်တော့ သွန်ပစ်မယ်လို့ စိတ်ကူးထားတဲ့ဟင်းတွေ ပျောက်ပျောက်သွားတာကို ငါ သတိထားမိတယ်။ နောက်တော့ နင့်နူတ်ခမ်းဘေးမှာ၊ နင့်အနံ့အသက်မှာ ဟင်းနံ့တွေ ငါရတယ်။ တကယ်တော့ ငါ့ကို နင်ဂရုစိုက်တယ်၊ ချစ်တယ်၊ နားလည်မှု ပေးတယ်။ ဒါက တခြားလူတွေနဲ့ မတူတဲ့ နင့်ချစ်နည်းပေါ့။

❑

(၄)

နင့်ကို ငါပြောတယ် "ငါ့ဆံပင်တွေ ကျွတ်လိုက်တာ... ဆရာကတော့ စိတ်မပူနဲ့လို့ ပြောတာပဲ။ ကတုံးဖြစ်သွားမှာတောင် စိုးတယ်"

"စိတ်မပူပါနဲ့... နင့်ဆံပင်တွေ များနေတာပဲ။ ကတုံးဖြစ်လောက်တဲ့အထိ မကျွတ်နိုင်ဘူး" ဆိုတဲ့ အားပေးသံကို နင့်ဆီက ကြားချင်ပေမယ့်...

"ကိုယ့်ဆံပင်ကျွတ်တာကို ခုမှသိတာလား၊ ကြမ်းပြင်ပေါ်မှာ နင့်ဆံပင်မွေးတွေချည်းပဲ၊ ညစ်ပတ်တယ်" လို့ နင်ပြောတယ်။ နင် ကိုယ်ချင်းမစာဘူး၊ ဂရုမစိုက်ဘူး ဆိုပြီး ငါ ဝမ်းနည်းမိတယ်။

နောက်တော့ အိမ်က ကြမ်းပြင်ပေါ်မှာ ငါ့ဆံပင်မွေးတွေ အတွေ့နည်းသွားတယ်။ ဆံပင်မကျွတ်တော့ဘူးလို့ ငါ ဝမ်းသာနေတုန်း နင်ခရီးထွက်ရတယ်။ နင်မရှိမှ ကြမ်းပြင်ပေါ်က ဆံပင်မွေးတွေ များလာတာကို ငါ တွေ့တယ်။ နောက်မှ ငါ

mgyoe.com

 myoe.com SAMPLE BOOK 

မသိအောင် ဆံပင်မွှေးတွေကို နင် လှည်းလိုက်တယ်ဆိုတာ ငါ သိရတယ်။ တကယ်တော့ ငါ့ကို နင်ဂရုစိုက်တယ်၊ ချစ်တယ်၊ ငါ့စိတ်ချောက်ချားမှာကို နင် စိုးခဲ့တယ်၊ ဒါက တခြားလူတွေနဲ့ မတူတဲ့ နင့်ချစ်နည်းပေါ့။

❑

(၅)

နင့်ကို ငါပြောတယ် "သူငယ်ချင်းတွေနဲ့ ချိန်းထားလို့ ဒီည အိမ်ပြန်နောက်ကျမယ်နော်"

"ဘယ်သူတွေပါလဲ... သတိထားနော် ... စောစောမပြန်နိုင်ရင် ဖုန်းမကြာမကြာဆက်နော်" ဆိုတဲ့ ဂရုစိုက်သံကို နင့်ဆီက ကြားချင်ပေမယ့်...

"နင့်သဘောပဲ... စိတ်ချမ်းသာသလိုလုပ်" လို့ နင် ပြောတယ်။ ငါ့ကို နင် မချစ်ဘူး၊ ဂရုမစိုက်ဘူးဆိုပြီး ငါ ဝမ်းနည်းမိတယ်။

နောက်တော့ စိတ်တိုတိုနဲ့ နင့်ကိုရွဲ့ပြီး မနက်သုံးနာရီမှ ငါအိမ်ပြန်ခဲ့တယ်။ ဆိုဖာပေါ်မှာ ခွေခွေလေးအိပ်နေတဲ့ နင့်ကိုမြင်မှ တကယ်တော့ ငါ့ကို နင်ဂရုစိုက်တယ်၊ ချစ်တယ်ဆိုတာကို ငါ သိလိုက်တယ်။ ဒါက တခြားလူတွေနဲ့ မတူတဲ့ နင့်ချစ်နည်းပေါ့။

❑

(၆)

နင့်ကို ငါ ပြောတယ် "ငါ ဟိုဒင်းဖြစ်နေလို့ ဗိုက်အရမ်းအောင့်တယ်"

"သည်းခံလိုက်ပါ၊ တစ်ရက်၊ နှစ်ရက်ဆို ပြီးသွားမှာပါ" ဆိုတဲ့ ဂရုစိုက်သံကို နင့်ဆီက ကြားချင်ပေမယ့်...

"မိန်းမတွေ သိပ်အလုပ်ရှုပ်တာပဲ" လို့ နင်ပြောတယ်။ ငါ့ကို နင်မချစ်ဘူး၊ ဂရုမစိုက်ဘူးဆိုပြီး ငါ ဝမ်းနည်းမိတယ်။

နောက်တော့ အိမ်က အစားထည့်တဲ့ဗီရိုမှာ ချောကလက်တွေ ပိုလာတာတွေ့တယ်။ နင် ဝယ်လာပြီး နင်မစားဘူး။ မိန်းမသဘာဝမဖြစ်ခင် ငါ့အတွက် နင်ပိုဝယ်ထားတတ်တာကို ငါ သတိထားမိတယ်။ တကယ်တော့ ငါ့ကို နင်ဂရုစိုက်တယ်၊ ချစ်တယ်၊ ဒါက တခြားလူတွေနဲ့ မတူတဲ့ နင့်ချစ်နည်းပေါ့။

❑

(၇)

နင့်ကို ငါပြောတယ် "ဒါနင့်အတွက် ငါ ရွေးဝယ်ထားတဲ့ အနွေးထည်၊

myoe.com

mgyoe.com SAMPLE BOOK

နွေရာသီမှာ လျှော့ဈေးနဲ့ရောင်းလို့ ဝယ်ခဲ့တာ၊ ခု ဆောင်းရောက်ပြီဆိုတော့ ဝတ်လိုက်ပါနော်၊ နင့်အတွက် ငါ့ရဲ့ ဆောင်းရာသီ လက်ဆောင်ပေါ့"

"ကျေးဇူးတင်ပါတယ်၊ နင့်အချစ်ကြောင့် ဒီဆောင်းမှာ ငါ ပိုနွေးတော့မယ်" ဆိုတဲ့ ဂရုစိုက်သံကို နင့်ဆီက ကြားချင်ပေမယ့်...

"ရာသီပြောင်းလျှော့ဈေးမှာ ဝယ်ခဲ့တဲ့ အပေါ်စားပဲ" လို့ နင်ပြောတယ်။ ငါ့ကို နင်မချစ်ဘူး၊ ဂရုမစိုက်ဘူးဆိုပြီး ငါ ဝမ်းနည်းမိတယ်။

နောက်တော့ ဆောင်းကုန်လို့ နွေရောက်တဲ့အထိ အဲဒီ အင်္ကျီကို နင် မချွတ်ခဲ့ဘူး။ ရုံးတက်၊ ရုံးဆင်း နေ့တိုင်း နင်ဝတ်ခဲ့တယ်။ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်၊ ချစ်တယ်၊ ဒါက တခြားလူတွေနဲ့ မတူတဲ့ နင့်ချစ်နည်းပေါ့။

□

(၈)

နင့်ကို ငါပြောတယ် "ဒီနေ့ နားထောင်ခဲ့တဲ့ ဓမ္မတေးက အရမ်းကောင်းတာပဲ၊ နားထောင်ရင်း ခံစားရတယ်"

"ဘယ်စာအုပ်၊ ဘယ်အခွေထဲကလဲ၊ ငါတို့ သွားရှာဝယ်ရအောင်လေ" ဆိုတဲ့ ဂရုစိုက်သံကို နင့်ဆီက ကြားချင်ပေမယ့်...

"ဘယ်တေးဖြစ်ဖြစ် အတူတူပဲ"လို့ နင်ပြောတယ်။ ငါ့ကို နင်မချစ်ဘူး၊ ဂရုမစိုက်ဘူးဆိုပြီး ငါ စိတ်တိုမိတယ်။

နောက်တော့ ကက်ဆက်ထဲကနေ ရင်းနှီးတဲ့တေးသံကို ငါ အမြဲကြားခဲ့ရတယ်။ စီဒီစင်ပေါ် မှာလည်း ခွေအသစ်တစ်ခွေ တိုးလာတယ်။ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်၊ ချစ်တယ်၊ ဒါက တခြားလူတွေနဲ့ မတူတဲ့ နင့်ချစ်နည်းပေါ့။

□

(၉)

နင့်ကို ငါပြောတယ် "လမ်းထိပ်က ခေါက်ဆွဲသုပ် သိပ်စားလို့ကောင်းတယ်"

"ဟုတ်လား... မနက်ဖြန်ကျရင် ငါတို့ အတူသွားစားကြမယ်" ဆိုတဲ့ ဂရုစိုက်သံကို နင့်ဆီက ကြားချင်ပေမယ့်...

"တစ်ချိန်လုံး စားဖို့ချည်း တွေးနေတယ်၊ နင့်ကိုယ်လုံး နင်ပြန်အားနာဦး" လို့ နင်ပြောတယ်။ နင် ငါ့ကို မချစ်ဘူး၊ ဂရုမစိုက်ဘူးဆိုပြီး ငါ စိတ်တိုမိတယ်။

နောက်တော့ အဲဒီခေါက်ဆွဲသုပ်ကို မကြာခဏ နင် ဝယ်လာတတ်တာကို ငါ သတိထားမိတယ်။ တကယ်တော့ ငါ့ကို နင် ဂရုစိုက်တယ်၊ ချစ်တယ်၊ ဒါက

mgyoe.com